**နိဗ္ဗာန သစ္စိကိရိယာ စ ဧတံ မင်္ဂလ မုတ္တမံ၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုရခြင်းသည် မြတ်သောမင်္ဂလာမည်၏။**


# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၅ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်၊ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက်၊ သောကြာနေ့၊ အတွဲ(၄၁)၊ အမှတ်(၈၇)


# မူဝါဒလမ်းစဉ်ခုနစ်ရပ် တိုင်းရင်းသားများထောက်ခံ ကယန်းပြည်သစ်ပါတီအဖွဲ့ခေါင်းဆောင်များ အမျိုးသားညီလာခံ မပျက်မကွက်တက်ရောက်မည်

ရန်ကုန် ဒီဇင်ဘာ ၂၅

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကယန်းပြည်သစ်ပါတီ ဒုတိယဥက္ကဋ္ဌ ဦးသန်းစိုးနိုင်နှင့်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

**တွေ့ဆုံပွဲတက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ ***စာမျက်နှာ ၃ ကော်လံ ၁*** ■

## နောင်လာနောက်သားများအတွက် ခိုင်မာသောအနာဂတ်တည်ဆောက်

"မိမိတို့ ယနေ့ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်မှုများမှာ နောင်လာနောက်သားများ၏ အနာဂတ်အတွက် အမွေခံကောင်းများ ဖန်တီးပေးနေခြင်းလည်းဖြစ်သည်။ နောင်ဖြစ်ပေါ်လာမည့် မျိုးဆက်သစ်များအတွက် အလုပ်အကိုင်များရရှိအောင်၊ အဆင့်အတန်းမြင့်မြင့် နေထိုင်နိုင်အောင် လိုအပ်သော စိုက်ပျိုးရေး အမွေခံကောင်းနှင့် စက်မှုအမွေခံကောင်း အပါအဝင် စီးပွားရေး အမွေခံကောင်းများ တည်ဆောက်ပေးနေခြင်းဖြစ်သည်။ အလားတူ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ အမွေခံကောင်း ပတ်ဝန်းကျင် ကျန်ရစ်အောင် စီမံလုပ်ဆောင်နေခြင်းဖြစ်သည်။

ထိုသို့ ကြိုးပမ်းလုပ်ကိုင် ဆောင်ရွက်ရာတွင် အထက်က တာဝန်ပေးမှသာ ဆောင်ရွက်ခြင်း၊ ဝတ်ကျေတမ်းကျေ ဆောင်ရွက်ခြင်းမျိုး ရှောင်ရှား၍ မိမိတို့ကိုယ်တိုင်ယုံကြည်ချက်ရှိရှိ၊ ခံယူချက်ရှိရှိဖြင့် မိမိတို့၏ နောင်လာနောက်သားများအတွက် ခိုင်မာသော အနာဂတ်ကို ကြိုးစားဖန်တီး တည်ဆောက်သွားရမည်။"

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**
(၂၃-၁-၂၀၀၃)ရက်နေ့ မန္တလေးတိုင်းဖွံ့ဖြိုးတိုးတက်ရေးခရီးစဉ်မိန့်ခွန်းမှ-





# နိုင်ငံတော်ဝန်ကြီးချုပ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာစီမံကိန်းလုပ်ငန်းစစ်ဆေး တိုင်းရင်းသားရိုးရာဓလေ့များ ပီပီပြင်ပြင်လေ့လာနိုင်ရေးပြည့်ပြည့်စုံစုံဖြည့်စွက်ထား ရတနာတန်းဝင်သစ်ပင်များဖြင့် သဘာဝတောတောင်အလှအပများခံစားနိုင်ရန်ဆောင်ရွက်ရေးမှာကြား

ရန်ကုန် ဒီဇင်ဘာ ၂၅

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်တို့ လိုက်ပါလျက် ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သာကေတမြို့နယ် ရန်ကုန်-သန်လျင် တံတားအနီးရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ရောက်ရှိကြရာ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ●

## ကြည့်ရှုစစ်ဆေး

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာရှိ နန်းမြင့်မျှော်စင်ပေါ်မှ တိုင်းရင်းသားကျေးရွာ စီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**ယနေ့ထုတ်စောင်ရေ - ၂၀၂၄၇၉**

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်)

# မွန်မြတ်မြင့်မားသည့် ရည်ရွယ်ချက်များ ဖော်ဆောင်နိုင်ရေး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဆက်လက်ကြိုးပမ်း

မြန်မာနိုင်ငံ၌အမျိုးသမီးများသည် နိုင်ငံတော်လူဦးရေ၏ထက်ဝက်ကျော် အင်အားရှိသည်။ အမျိုးသမီး ကဏ္ဍဆိုင်ရာ ဆောင်ရွက်ဖွယ် လုပ်ငန်းဆောင်တာများသည်လည်း ထုထည်ပမာဏ ကြီးမားကျယ်ပြန့် နက်ရှိုင်းလာလျက်ရှိသည်။

အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်စောင့်ရှောက်ရေးတွင် နိုင်ငံတကာက တိုးချဲ့ဆောင်ရွက်နေသော လုပ်ငန်းများ တိုးပွားလာလျက်ရှိသည်။ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများနှင့် ဆက်သွယ် ဆက်ဆံမှုများလည်း တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဒီဇင်ဘာလ၂၀ရက်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ အမျိုးသမီးရေးရာကဏ္ဍနှင့်သက်ဆိုင်သည့် တာဝန်ရှိ ပုဂ္ဂိုလ်များအား တွေ့ဆုံ၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဖွဲ့စည်းရေးဆိုင်ရာကိစ္စရပ်များကို လမ်းညွှန်မှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လမ်းညွှန်မှာကြားရာတွင်–

**"မြန်မာအမျိုးသမီးများကဏ္ဍ လှုပ်ရှားဆောင်ရွက်မှုများ ပိုမိုကျယ်ပြန့်စွာ တာဝန်ယူဆောင်ရွက်နိုင်ရေးအတွက် ကော်မတီအသွင်မှ ပိုမိုကျယ်ပြန့်စွာ တိုးချဲ့ဖွဲ့စည်းသွားရန် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကလည်း လမ်းညွှန်မှုပြုခဲ့ကြောင်း"**

ပြောကြားသွားခဲ့သည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီသည် နိုင်ငံတော်အစိုးရ ဌာနဆိုင်ရာဝန်ထမ်းအများစုပါဝင်ပြီး ရေးရာကော်မတီတစ်ရပ်အနေဖြင့် ကြီးမားကျယ်ပြန့်လှသည့် မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံး၏ အရေးအရာကိစ္စများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ထိရောက်ကျယ်ပြန့်စွာပြည့်ပြည့်ဝဝ ဆောင်ရွက်နိုင်ရေးတွင် အကန့်အသတ်များရှိနေခဲ့သည်။

ထို့ကြောင့် မြန်မာအမျိုးသမီးများကဏ္ဍနှင့်စပ်လျဉ်း၍ ဆောင်ရွက်ဖွယ်ရာများကို ထိရောက်ပီပြင်စွာ ဆောင်ရွက်နိုင်ရေး၊ မြန်မာအမျိုးသမီးများအားလုံး ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်နိုင်ရေးနှင့် အမျိုးသမီးကဏ္ဍတစ်ရပ်လုံးအတွက် တာဝန်ခံ ဆောင်ရွက်သွားမည့် အဖွဲ့အစည်းအဖြစ် ရပ်တည်နိုင်ရေးတို့ကိုဦးတည်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ဖွဲ့စည်းထူထောင်ရခြင်းဖြစ်သည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို မွန်မြတ်မြင့်မားသည့် ရည်ရွယ်ချက်များဖြစ်သည့်–

- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်၊**
- **အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊**
- **အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်၊**
- **တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ပိုမိုမြတ်နိုး တန်ဖိုးထားသည့် စိတ်ဓာတ် မြှင့်တင်ရေးအတွက် အမျိုးသမီးများကို လေ့ကျင့်ပျိုးထောင်ပေးရန်၊**
- **အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊**
- **အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှု လျော့နည်းပပျောက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ် အသွင်ဖြင့် ဆောင်ရွက်ရန်၊**
- **အမျိုးသမီးများ၏ အခွင့်အရေးများကို တိုင်းရင်းသားယဉ်ကျေးမှု ဓလေ့ထုံးစံနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်နိုင်ရန်**

ဟူသော ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထူထောင်သွားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးများသည် ရှေးအစဉ်အဆက်မှစ၍ အမျိုးသားများနှင့် တန်းတူရည်တူ အခွင့်အရေးအပြည့်အဝ ရရှိခဲ့ကြသည့်အလျောက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍအသီးသီးတွင် ထူးချွန်ထက်မြက်ကြသူများ ဖြစ်သည်။

မြန်မာအမျိုးသမီးများအနေဖြင့် မိသားစုအသွင်ဖြင့် ဖြစ်တည်နေသည့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲစေရန်အတွက် မိသားစုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အခြေခံဖြင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ယင်းကဲ့သို့သော မွန်မြတ်မြင့်မားသည့်ရည်ရွယ်ချက်၊ ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ပီပြင်ထိရောက်စွာ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## မကွေးတိုင်းသမဝါယမ ပညာရေးဝန်ဆောင်မှုလုပ်ငန်းတိုးချဲ့

**ရန်ကုန် ဒီဇင်ဘာ ၂၅**

မကွေးမြို့ရွှေညာမြေ အထွေထွေ စီးပွားရေး လုပ်ငန်း သမဝါယမ အသင်းစု၏ ပညာရေးဝန်ဆောင်မှု လုပ်ငန်းတိုးချဲ့ ဆောင်ရွက်မှုအနေဖြင့် ဒီဇင်ဘာ ၂၁ရက်က ကျောင်းသားဆောင်ကို ဖွင့်လှစ်ခဲ့ရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်မှူးကြီးဇော်မင်းနှင့် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးစိုးဝင်းတို့ တက်ရောက်ပြီး စက်ခလုတ်နှိပ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ တိုင်းသမဝါယမဦးစီးဌာနတိုင်းဦးစီးမှူး၊ တိုင်း သမဝါယမ သင်တန်းသားများ၊ ဝန်ထမ်းများ၊ မြို့နယ်သမဝါယမဦးစီး ဌာနဝန်ထမ်းများ၊ သမဝါယမ အသင်းဒါရိုက်တာနှင့်ဝန်ထမ်းများ၊ အမှတ် (၁)နှင့် အမှတ်(၂)အခြေခံပညာ အထက်တန်း ကျောင်းများမှ ဘင်ခရာကျောင်းသားများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြတ်ဆရာပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ခင်ဦးမြို့ အထက (၁၉၅၈မှ ၂၀၀၂ထိ)ကျောင်းသားကျောင်းသူဟောင်းများ၏သတ္တမအကြိမ်မြောက်အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၂၇ရက်(စနေနေ့) နံနက် ၁၀နာရီတွင်ခင်ဦး အထက သီရိရတနာခန်းမ၌ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးကျောင်းသားကျောင်းသူဟောင်းများသည် ဦးစိန်လင်း (ရွှေမင်းသမီးရွှေဆိုင်)ဖုန်း–၀၇၅–၂၁၉၉၅၊ ဦးမြအောင်(Canonကွန်ပျူတာစာစီစာရိုက်လုပ်ငန်း)ဖုန်း–၀၇၅–၂၁၇၂၃၊ ဦးတင်ဝင်း(စိုက်ပျိုးရေးဆေးဆိုင်)ဖုန်း–၀၇၅–၂၁၇၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## လွတ်လပ်ရေးနေ့ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ ဆုရသူများစာရင်းထုတ်ပြန်ကြေညာ

ရန်ကုန် ဒီဇင်ဘာ ၂၅

**၂၀၀၄ ခုနှစ် (၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့ စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ ကျင်းပရေး ဆပ်ကော်မတီက လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များနှင့်အညီ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့်၊ အခြေခံပညာအထက်တန်းအဆင့်နှင့် အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများကို နိုဝင်ဘာ ၂၂ရက်နှင့် ၂၃ရက်များတွင် ကျင်းပခဲ့ရာ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲမှ ပထမ၊ ဒုတိယ၊ တတိယ၊ အထူးဆုအသီးသီးရရှိကြသည့် ကျောင်းသားကျောင်းသူများစာရင်းနှင့် အခြေခံပညာအထက်တန်းအဆင့်၊ အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲမှ ပထမ၊ ဒုတိယ၊ တတိယ၊ အထူးဆုအသီးသီး ရရှိကြသော ကျောင်းသားကျောင်းသူများစာရင်းကို ဒီဇင်ဘာ ၂၃ရက်က ထုတ်ပြန်ကြေညာသည်။**

တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် စာစီစာကုံးပြိုင်ပွဲ တွင် ဗိုလ်လောင်းဝေဇင်သိန်း စတုတ္ထနှစ် အီလက်ထရွန်နစ် တပ်မတော်နည်းပညာတက္ကသိုလ် ပြင်ဦးလွင်က ပထမ၊မသဲဦးလွင် တတိယနှစ် ဆေးဝါးကျွမ်းကျင်မှု တက္ကသိုလ် မန္တလေးက ဒုတိယ၊ မောင်နေသူရိန်စိန်လှ ဒုတိယနှစ် စက်မှုစွမ်းအား ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် ရန်ကုန်က တတိယ အသီးသီးရရှိကြသည်။ အထူးဆုများအဖြစ် မသဥ္ဇာဝင်းရှိန် ဒုတိယနှစ် သိပ္ပံ ရန်ကင်းပညာရေးကောလိပ်၊ ဗိုလ်လောင်း ဘိုဘိုအောင် တတိယနှစ် စက်မှုအင်ဂျင်နီယာ တပ်မတော် နည်းပညာတက္ကသိုလ် ပြင်ဦးလွင်၊ ဗိုလ်လောင်း ထွန်းနိုင်ဝင်း ဒုတိယနှစ် သိပ္ပံ စစ်တက္ကသိုလ် ပြင်ဦးလွင်၊ ဗိုလ်လောင်း မြတ်ထွန်း နောက်ဆုံးနှစ်အပိုင်း(က) တပ်မတော် ဆေးတက္ကသိုလ်၊ မစောက္ကန္ဒာသက်မောင် တတိယနှစ် ဂုဏ်ထူးတန်း မြန်မာစာ ပဲခူးဒီဂရီကောလိပ်တို့က အသီးသီး ရရှိကြသည်။

တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် ကဗျာပြိုင်ပွဲတွင် မစောက္ကန္ဒာသက်မောင် တတိယနှစ် ဂုဏ်ထူးတန်း မြန်မာစာ ပဲခူးဒီဂရီကောလိပ်က ပထမ၊ မောင်သီဟထွန်း ဒုတိယနှစ် အမ်ဘီဘီအက်စ် ဆေးတက္ကသိုလ်(၂)ရန်ကုန် က ဒုတိယ၊ ဗိုလ်လောင်း ဘိုဘိုအောင် တတိယနှစ် စက်မှုအင်ဂျင်နီယာ တပ်မတော်နည်းပညာတက္ကသိုလ် ပြင်ဦးလွင်က တတိယ အသီးသီး ရရှိကြသည်။ အထူးဆုများအဖြစ် မောင်ဝင်း မင်းသိန်း ဒုတိယနှစ် ဝိဇ္ဇာ မန္တလေးပညာရေးကောလိပ်၊ ဗိုလ်လောင်း နိုင်ထွန်းအောင် ဒုတိယနှစ်စက်မှုအင်ဂျင်နီယာ တပ်မတော်နည်းပညာတက္ကသိုလ် ပြင်ဦးလွင်၊ မောင်ဉာဏ် မင်းထက် တတိယနှစ် စိုက်ပျိုးရေးဒီပလိုမာ စိုက်ပျိုးရေး သိပ္ပံ မြောင်းမြ၊ မောင်စနေမောင်မောင် ဒုတိယနှစ် ဝိဇ္ဇာ ပုသိမ်ပညာရေးကောလိပ်၊ ဗိုလ်လောင်းဉာဏ်ပိုင်စိုး ဒုတိယ နှစ် ကွန်ပျူတာစစ်တက္ကသိုလ် ပြင်ဦးလွင်တို့က အသီးသီး ရရှိကြသည်။

အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် မဝေသီမြင့် နဝမတန်း အထက သုံးဆယ်က ပထမ၊ မဧပရယ်ထွန်း အဋ္ဌမတန်း အထက(၂) ပုသိမ်က ဒုတိယ၊ မယဉ်မင်းအေး နဝမတန်း အထက (၂) စစ်ကိုင်းက တတိယ အသီးသီးရရှိကြသည်။ အထူးဆုများအဖြစ် မစန္ဒာခိုင်ဝင်း အဋ္ဌမတန်း အလက(၃) ရွှေပြည်သာ၊ မမေမြတ်သွယ် အဋ္ဌမတန်း အထက(၁)ထားဝယ်၊ မအေးချမ်းမြ နဝမတန်း အထက(၁) ညောင်လေးပင်၊ မောင်ရဲနိုင်ဌေး အဋ္ဌမတန်း အလက(၁)သံတွဲ၊ မောင်အောင်ကိုလတ် နဝမတန်း အထက(၂) မြစ်ကြီးနားတို့က အသီးသီး ရရှိကြသည်။

အခြေခံပညာအထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် မောင်သူရစိုးအဋ္ဌမတန်း အထက နတ်တလင်းက ပထမ၊ မမေဇင်ဦး နဝမတန်း အထက(၆)ပုသိမ်က ဒုတိယ၊ မနန်းငုဝါဖူးပွင့်ဦး အဋ္ဌမတန်း အထက(၁) ပဲခူးက တတိယ အသီးသီးရရှိကြသည်။ အထူးဆုများအဖြစ် မောင်ဖြိုးပိုင်သော်အဋ္ဌမတန်း အလက(၁) တောင်ဥက္ကလာပ၊ မသင်းစပယ်ယု နဝမတန်း အထက(၁)ထားဝယ်၊ မောင်နေ ထူးကျော် အဋ္ဌမတန်း အထက(၅)စစ်တွေ၊ မိချမ်းလွန် ဒသမတန်း အထက(၂)သံဖြူဇရပ်၊ မနန်းဝင့်ဖူးစံ နဝမတန်း အထက(၁) မြစ်ကြီးနားတို့က အသီးသီးရရှိကြသည်။

အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် မရွှေစင် သတ္တမတန်း အလက(၁) တောင်ဥက္ကလာပက ပထမ၊ မနုထက်ထက်လွင် သတ္တမတန်း အထက(၄) စစ်တွေကဒုတိယ၊ မောင်နိုင်အုပ်ကျော် ဆဋ္ဌမတန်း အလက (၄) မော်လမြိုင်က တတိယ အသီးသီးရရှိကြသည်။ အထူးဆုများအဖြစ် မောင်မျိုးမြင့်မြတ် သတ္တမတန်း အထက (သုံးဆယ်)၊ မနေခြည်နိုင် ဆဋ္ဌမတန်း အလက(၂) ကလေး၊ မအိဇာခြည်သက် ဆဋ္ဌမတန်း အထက(၁) ထားဝယ်၊ မိအိမ့်မျက်သွယ် သတ္တမတန်း အထက(၂) ဘားအံ၊ မနူးနူးမိုင် သတ္တမတန်း အထက(၃) မြစ်ကြီးနားတို့က အသီးသီး ရရှိကြသည်။

အခြေခံပညာ အလယ်တန်း အဆင့် ကဗျာပြိုင်ပွဲတွင် မောင်ထက်အောင်လင်း ပဥ္စမတန်း အထက(၃) မြစ်ကြီး နားက ပထမ၊ မောင်သာနိုး ဆဋ္ဌမတန်း အထက(၂) စစ်ကိုင်းက ဒုတိယ၊ မောင်အောင်သူရိန်ထွန်း သတ္တမတန်း အလက(၁) ထားဝယ်က တတိယ အသီးသီး ရရှိကြသည်။ အထူးဆုများအဖြစ် မောင်ကောင်းစည်သူ ဆဋ္ဌမတန်း အထက(၂) ရန်ကင်း၊ မခိုင်ခိုင်မင်း သတ္တမတန်း အထက(၁) ပဲခူး၊ မဝင့်ဝါဖြိုး သတ္တမတန်း အထက(သုံးဆယ်)၊ မမေသဇင်ဟိန်း သတ္တမတန်း အထက(၂) မုဒုံ၊ မပြည့်သန္တာထွန်း ဆဋ္ဌမတန်း အထက (၁) စစ်တွေ တို့က အသီးသီး ရရှိကြသည်။

ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသူများအား ၂၀၀၄ ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြု ညစာစားပွဲတွင် အခမ်းအနားဖြင့် ဆုချီးမြှင့်မည်ဖြစ်ရာ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် ဆုရရှိသူများသည် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ဝန်ထမ်းရေးရာဌာနစု သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့ လည်းကောင်း၊ အခြေခံပညာ အထက်တန်းအဆင့်နှင့် အခြေခံပညာ အလယ်တန်းအဆင့် ဆုရရှိသူများသည် အထက(၁) စမ်းချောင်း ရန်ကုန်မြို့သို့ လည်းကောင်း ၂၀၀၄ခုနှစ် ဇန်နဝါရီ ၁ရက်တွင် မပျက်မကွက် ကိုယ်တိုင် လာရောက် သတင်းပို့ ဆက်သွယ်ကြရမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သီရိမင်္ဂလာ မဟာစည်ရိပ်သာ အထူးတရားပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ဒဂုံမြို့သစ်(မြောက်ပိုင်း)(၅၁)ရပ်ကွက် မြဝတီမင်းကြီး (၁)လမ်း သီရိမင်္ဂလာ မဟာစည်ရိပ်သာ၌ ဒီဇင်ဘာ ၂၆ ရက်တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ၊ ဒီဇင်ဘာ ၂၇ ရက်တွင် တွံတေးအရှင် ဣန္ဒက၊ ဒီဇင်ဘာ ၂၈ ရက်တွင် ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိက ဆရာတော်များက နိဗ္ဗာန်ရောက်ကြောင်း တရားများကို ညစဉ် ၇ နာရီခွဲတွင် ဟောကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

■ ***မူဝါဒလမ်းစဉ်မှ***

တွေ့ဆုံပွဲတွင် တိုင်းရင်းသားခေါင်းဆောင်များက မိမိတို့အဖွဲ့အနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်နှင့် ပတ်သက်၍ ကြိုဆိုထောက်ခံပါကြောင်းနှင့် အမျိုးသားညီလာခံကိုလည်း မပျက်မကွက်တက်ရောက်ကြမည်ဖြစ်ကြောင်း ပထမဦးစွာ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းရင်းသားခေါင်းဆောင်များက ဒေသဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေး၊လမ်း/တံတားလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ တင်ပြဆွေးနွေးကြသည်။ **(သတင်းစဉ်)**



နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကယန်းပြည်သစ်ပါတီဒုတိယဥက္ကဋ္ဌ ဦးသန်းစိုးနိုင်နှင့်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

● ***ရှေ့ဖုံးမှ***

ရှေးဦးစွာ စီမံကိန်းလုပ်ငန်း ရှင်းလင်းခန်းမ၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာ၌ တည်ဆောက်လျက်ရှိသည့် နန်းမြင့်မျှော်စင် ပင်မဝင်ပေါက် မုခ်ဦး၊နားနေဆောင်များထပ်မံဆောက်လုပ် ခြင်း၊ ကျေးရွာအတွင်းလမ်းများ ကတ္တရာခင်းဆောင်ရွက်ခြင်း၊ ဖွဲ့ကပင်တောင် တည်ဆောက်မှုလုပ်ငန်း၊ တိုင်းရင်းသား အစားအစာအရောင်းဆိုင်များ တိုးချဲ့ဖွင့်လှစ်ခြင်း၊ တိုင်းရင်းသားရိုးရာ အဆောက်အအုံများ မွမ်းမံခြင်း၊ ရတနာတန်းဝင်သစ်ပင်များ တစ်အုပ်တစ်မ စိုက်ပျိုးခြင်း၊ လက်ရှိလမုတောကို ထိန်းသိမ်းခြင်း၊ ငှက်လှောင်အိမ်အတွင်း သစ်ပင်များ စိုက်ပျိုးခြင်းနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပွဲများ ကျင်းပသွားမည့် အစီအစဉ်များကို ဗီဒီယိုဆလိုက်ဖြင့် အသေးစိတ် ရှင်းလင်းတင်ပြသည်။

**သဘာဝအလှအပခံစားနိုင်ရေး**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ ရောက်ရှိကြသူများအနေဖြင့် ပြည်ထောင်စုတိုင်းရင်းသားများ၏ ရိုးရာဓလေ့များ ပီပီပြင်ပြင် လေ့လာသိရှိနိုင်ရေးအတွက် လိုအပ်သည့် ရိုးရာဓလေ့အထိမ်းအမှတ်အင်္ဂါရပ်များ ပြည့်ပြည့်စုံစုံဖြည့်စွက်သွားရေး၊ စိတ်အေးချမ်းမြေ့စွာဖြင့် အပန်းဖြေအနားယူနိုင်ရေးတို့အတွက် ပန်းအလှပင်များ၊ရတနာတန်းဝင်သစ်ပင်ကြီးများ တစ်အုပ်တစ်မစိုက်ပျိုးပြီး သဘာဝ တောတောင်အလှအပများ ခံစားနိုင်ရန် ဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

**ရှင်းလင်းပြသ**

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည်ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာအတွင်း တည်ဆောက်လျက်ရှိသည့် နန်းမြင့်မျှော်စင် တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ရှင်းလင်းပြသသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နန်းမြင့်မျှော်စင်ပေါ်မှ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာပတ်ဝန်းကျင်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြား၍ မွန်းလွဲပိုင်းတွင် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာမှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**



**ရန်ကုန်မြို့ သာကေတမြို့နယ် ရန်ကုန်–သန်လျင်တံတားအနီးရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက် ရေး နှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ပြည် ထောင် စု တိုင်း ရင်း သား ကျေး ရွာ မှ တည် ဆောက် နေသော နန်းမြင့် မျှော်စင် ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)**

## မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ သားဖွားခန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၅

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ၏ သားဖွားခန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ဆရာစံလမ်းရှိ ကျိုက္ကဆံရဲရိပ်သာဝင်း၌ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်ဖွင့်လှစ်ပေးသည်။**

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်သက်ဌေးနှင့် နာယကအဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၏ဇနီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့်ဇနီး၊ ဒုတိယရဲချုပ်နှင့်ဇနီး၊ ရဲအရာရှိကြီးများနှင့်ဇနီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲမှ အလုပ်အမှုဆောင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ၏သားဖွားခန်းဆိုင်းဘုတ်ကို မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက**(အောက်ပုံ)** အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် မိခင်နှင့်ကလေးအသင်းဝင် အဆိုပြုလွှာများကို ဒုတိယရဲချုပ်၏ ဇနီး ဒေါ်နွယ်နီစမ်းက ပေးအပ်ရာ အသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်က လက်ခံသည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် သားဖွားခန်းအတွက် ဦးအောင်မိုး (မြန်မာနိုင်ငံ မှုးယစ်ဆေးဝါးပပျောက်ရေးအသင်း)က ငွေကျပ် ၃၀၀၀၀၀၊ ဦးစိုင်းအိုက်မင်း (Myanmar New Super Industrial Ltd.)က ငွေကျပ် ၂၇၀၀၀၀၊ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ (ကြိုးမဲ့၊ ကြေးနန်းနှင့် ယာဉ်ထိန်းဌာန) က အလှူငွေကျပ် ၂၁၀၀၀၀ တန်ဖိုးရှိ ကလေးသုံးပစ္စည်းများ၊ ဦးမျိုးအောင် (ပလတ်စတစ်လုပ်ငန်း)က အလှူငွေကျပ် ၁၇၅၀၀၀၊ ဦးစိုးမိုးအောင် (မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ပပျောက်ရေးအသင်း)က ငွေကျပ် ၁၂၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ နာယက ဒေါ်ခင်မေစိုးနှင့် ဥက္ကဋ္ဌ ဒေါ်မြင့်ကေသွယ်တို့ကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ နာယက ဒေါ်ခင်မေစိုးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## မြသန်းတင့်၏ မာယာဘုံစာအုပ်ပြန်နှိုချီ





**ရန်ကုန် ဒီဇင်ဘာ ၂၅**

ဆရာမြသန်းတင့်၏ အောင်မြင်ကျော်ကြားခဲ့သော မာယာဘုံဝတ္ထုစာအုပ်ကို အမေ့ဥယျာဉ်စာအုပ်တိုက် အမှတ် ၂၀ စီ (၄) ၅၅ လမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း–၀၁–၂၀၃၅၂၇ က တတိယအကြိမ် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(က–ပ)**





## မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

# ဆာမာရာမြို့အနီး၌ အမေရိကန်စစ်ယာဉ်တန်းဗုံးပေါက်ကွဲထိမှန် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံး

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၅

**ဒီဇင်ဘာ ၂၄ ရက်က ဘဂ္ဂဒက်မြို့မြောက်ဘက်တွင် လမ်းဘေး၌ထောင်ထားသော ဗုံးပေါက်ကွဲထိမှန်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးသွားကြောင်း အမေရိကန် စစ်ဘက်က ပြောကြားသည်။**

တိုက်ခိုက်မှုသည် နံနက် ၉ နာရီခန့်၌ ဘဂ္ဂဒက် မြောက်ဘက် ဆာမာရာအနီးတွင် အမေရိကန်စစ်ယာဉ်တန်း တစ်ခု မောင်းသွားစဉ် ပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။

ထိုဗုဒ္ဓဟူးနေ့၌ပင် ဘဂ္ဂဒက်မြို့ အနောက်တောင်ဘက်၌ တိုက်ခိုက်ရေးသမားများကိုရည်ရွယ်ပြီး အမြောက်များဖြင့်ပစ်ခတ်ကာ တပ်ဖွဲ့ဝင်များက အိမ်များကို အတင်းဝင်ရောက်စီးနင်းခဲ့ကြသည်။

### ပေါက်ကွဲ

တစ်ဖန် အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့အနီး အာဘီမြို့တွင်ရှိသော ပြည်ထဲရေးဝန်ကြီးဌာန ရုံးအဆောက်အအုံအပြင်ဘက်၌ ကားဗုံးတစ်လုံးပေါက်ကွဲသဖြင့် လူအချို့ သေဆုံး သို့မဟုတ် ဒဏ်ရာရခဲ့ကြောင်း အရာရှိတစ်ဦးက ပြောကြားသည်။

### သေဆုံး

ထို့ပြင် ဗုဒ္ဓဟူးနေ့၌ ဘဂ္ဂဒက်မြို့ မော်တော်ကားလမ်းဥမင်လိုဏ်ခေါင်းတစ်ခုအတွင်း၌ လမ်းဘေး၌ထောင်သော ဗုံးကို ဘတ်စ်ကားငယ်တစ်စီးက နင်းမိပြီး ပေါက်ကွဲသဖြင့် အရပ်သားတစ်ဦးသေဆုံးပြီး အခြားနှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ရဲက ပြောကြားသည်။ **(အင်တာနက်)**

### စစ်ဆေး

**ဒီဇင်ဘာ ၂၄ ရက်က ဘဂ္ဂဒက်မြို့လယ်တွင် ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားမှုကြောင့် ပျက်စီးသွားသော ကားတစ်စီးကို အမေရိကန်တပ်ဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးနေစဉ်။** (ဓာတ်ပုံ–အင်တာနက်)



# အမေရိကန်တစ်နိုင်ငံတည်း အီရတ်ကို ပြန်မတည်ဆောက်နိုင် အီရတ်ပြန်လည်တည်ဆောက်ရေး၌ ကုလသမဂ္ဂလိုအပ်

မီဆင်လ်လာ ဒီဇင်ဘာ ၂၄

**အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးတွင် အမေရိကန်ပြည်ထောင်စုသည် ကုလသမဂ္ဂကို လိုအပ်ကြောင်း ဒီမိုကရက်တစ်သမ္မတလောင်း ဒင်းနစ်ကူစီနစ်ချ်က အင်္ဂါနေ့၌ ပြောကြားလိုက်သည်။**

ထို့ပြင် ကူစီနစ်ချ်က အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးအတွက် အမေရိကန် တစ်နိုင်ငံတည်းကသာ မဆောင်ရွက်နိုင်ကြောင်းလည်းသတိပေး ပြောဆိုလိုက်သည်။

အိုဟိုင်းယိုးပြည်နယ် ကွန်ဂရက်အမတ် ကူစီနစ်ချ်က အခြားနိုင်ငံများကိုလွှဲပြောင်းယူသည့်မူဝါဒသည် အမေရိကန် ပြည်ထောင်စုကို လုံခြုံမှုလျော့စေကြောင်း၊ အဘယ်ကြောင့်ဆိုသော် အခြားနိုင်ငံများသည် သူတို့၏နယ်စပ်များကို ကာကွယ်ရန် ပို၍တက်ကြွစွာ ဆောင်ရွက်ကြမည်ဖြစ်သည့်အတွက်ကြောင့် ဖြစ်ကြောင်း ပြောဆိုသည်။

မိမိသမ္မတဖြစ်မည့် လက်ထက်တွင် ကမ္ဘာ့အသိုင်းအဝိုင်းနှင့် ပူးပေါင်းမည့် ငြိမ်းချမ်းရေးလိုအပ်ချက်များကို စူးစမ်းလုပ်ဆောင်မည်၊ နျူကလီးယားလက်နက်များကို ဖယ်ရှားမည်ဟု ကူစီနစ်ချ်က ပြောကြားသည်။

၎င်းက မြောက်အမေရိက လွတ်လပ်သော ကုန်သွယ်ရေးသဘောတူချက်သည် အမေရိကန်တို့ကို အလုပ်အကိုင်များ ဆုံးရှုံးနစ်နာစေမည်ဖြစ်ကြောင်း ကူစီနစ်ချ်က စွဲချက်တင် ပြောဆိုလိုက်ပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကိုလည်း ပြစ်တင်ရှုတ်ချလိုက်သည်။

**(အင်တာနက်)**

# အီရတ်၌ အဖျက်စွမ်းအားကြီးမားသောလက်နက်များ မရှိကြောင်း လူတိုင်းနားလည်လာပြီဟု ကုလလက်နက်စစ်ဆေးရေးမှူးဟောင်း ပြောဆို

ကုလသမဂ္ဂ ဒီဇင်ဘာ ၂၄

**ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးဟောင်း ဟန်းဘလစ်ဇ်သည် အဖျက်စွမ်းအားကြီးမားသော လက်နက်များ ပြန့်ပွားမှုဟန့်တားရေးနှင့်ပတ်သက်၍ အကောင်းမြင်ဆဲရှိကြောင်း ဗြိတိသျှ ဖိုင်နင်ရှယ်တိုင်းမ်သတင်းစာတွင် အင်္ဂါနေ့က ဖော်ပြလိုက်သည်။**

အီရတ်တွင် အဖြစ်အပျက်များက ကမ္ဘာတစ်ဝန်း၌ အနာဂတ် လက်နက်များ စစ်ဆေးမှုများ၏ ယုံကြည်ထိုက်မှုကို ပျက်ပြားစေမည်မဟုတ်ကြောင်း သတင်းစာနှင့် တွေ့ဆုံမေးမြန်းရာ၌ ဘလစ်ဇ်က ပြောဆိုသည်။

### နားလည်လာ

အီရတ်နိုင်ငံ၌ ထိုအဖျက်စွမ်းအားကြီးသော လက်နက်များ တစ်စုံတစ်ရာမရှိကြောင်းကို လူတိုင်းက နားလည်သဘောပေါက်လာနေကြောင်းလည်း ဘလစ်ဇ်က တွေ့ဆုံမေးမြန်းခန်း၌ ပြောဆိုသည်။

### အားပျော့

အီရတ်နိုင်ငံတွင် နျူကလီးယား၊ ဓာတု သို့မဟုတ် ဇီဝလက်နက်များ၏ အထောက်အထားကို တစ်စုံတစ်ရာ ရှာဖွေမတွေ့ရှိခြင်းသည် အီရတ်သမ္မတဟောင်း၏ အစိုးရဖယ်ရှားခံရပြီးနောက် လများစွာကြာအောင် ဆင်နွှဲနေသော စစ်ပွဲအတွက် တရားမျှတကြောင်း အမေရိကန်ဦးဆောင်သည့် ပူးပေါင်းတပ်ဖွဲ့များ၏ ပြောဆိုချက်ကို ဆက်လက်၍ တဖြည်းဖြည်းချင်း အားပျော့သွားစေခဲ့သည်။

### လိမ်လည်ထား

အမေရိကန်၏ အပေါင်းပါဖြစ်သော ဗြိတိန်နိုင်ငံက လွန်ခဲ့သည့် စက်တင်ဘာလတွင် အီရတ်၏ ပိတ်ပင်တားမြစ်ထားသော လက်နက်များနှင့်စပ်လျဉ်း၍ တင်ပြခဲ့သည့် မှတ်တမ်းတွင် ဘဂ္ဂဒက်သည် ဇီဝနှင့် ဓာတုလက်နက်များကို ၄၅ မိနစ်အတွင်း ဖြန့်ချနိုင်စွမ်းရှိကြောင်း ဖော်ပြထားရာ အချို့ဝေဖန်သူများက အီရတ်ကို အမေရိကန်ဦးဆောင်တိုက်ခိုက်သောစစ်ပွဲ၌ ဗြိတိသျှ ပါဝင်ပူးပေါင်းနိုင်ရန် လိမ်လည်ထားကြောင်း ပြောဆိုခဲ့ကြသည်။ **(အင်တာနက်)**



### လက်နက်ရှာဖွေ

**ဒီဇင်ဘာ ၂၄ ရက်က အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် ပစ်ခတ်မှုတစ်ရပ် ဖြစ်ပွားပြီးနောက် သေနတ်သမားများနှင့် လက်နက်များကိုရှာဖွေနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။**
(ဓာတ်ပုံ–အင်တာနက်)

# ဝါရှင်တန်၊ နယူးယောက်၊ လော့စ်အိန်ဂျလိစ်နှင့် အခြား ၁၀ မြို့ အကြမ်းဖက်ခံရနိုင်မှုအန္တရာယ်ကြောင့် လုံခြုံရေးတင်းကျပ်

ဝါရှင်တန် ဒီဇင်ဘာ ၂၄

**အမေရိကန်နိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုအန္တရာယ် သတိပေးအဆင့် တိုးမြှင့်လိုက်ခြင်းနှင့်ပတ်သက်ပြီး ဝါရှင်တန်၊ နယူးယောက်၊ လော့စ်အိန်ဂျလိစ်နှင့် အခြားမြို့ကြီး ၁၀ မြို့တွင် လုံခြုံရေးတင်းကျပ်ထားသည်။**

အမေရိကန်နိုင်ငံတွင်း၌သာမက ပြင်ပမှလေယာဉ်များကို အသုံးပြုပြီး အသေခံတိုက်ခိုက်မှုများရှိလာနိုင်သည့်အတွက် လေကြောင်းလိုင်းများနှင့် နိုင်ငံခြားအစိုးရများအား လုံခြုံရေးအခြေအနေတိုးမြှင့်ရန် အမေရိကန်အစိုးရက တောင်းခံထားသည်။

ဓာတုဗေဒနှင့် နျူကလီးယားစက်ရုံများကို တိုက်ခိုက်လာနိုင်သော အန္တရာယ်များလည်း ပေါ်ပေါက်လာနိုင်ကြောင်း သတိပေးထားသည့်နည်းတူ ယခု သတိပေးမှုကာလသည် အားလပ်ရက်အတွင်းသာမက ဖေဖော်ဝါရီလအထိ ကြာမြင့်မည်ဖြစ်ကာ တစ်ပတ်လျှင် ဒေါ်လာ တစ်ဘီလီယံကုန်ကျမည်ဖြစ်ကြောင်း သိရသည်။ **(စီအင်န်အင်န်)**



ဒီဇင်ဘာ ၂၄ရက်က ဘဂ္ဂဒက်မြို့တွင် လုံခြုံရေးအတွက် ကင်းလှည့်စောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

# စစ်ပြီးကာလအီရတ်၌ ကုလသမဂ္ဂ၏ အခန်းကဏ္ဍ ပီပီပြင်ပြင်ရှိရေး ဆွေးနွေးပွဲများကျင်းပမည်

ကုလသမဂ္ဂ ဒီဇင်ဘာ ၂၄

**စစ်ပြီးကာလ အီရတ်တွင် ကုလသမဂ္ဂ၏ အနာဂတ်အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ရှေ့လထဲ၌ အစည်းအဝေးများ ကျင်းပရန် တောင်းဆိုထားခြင်းအပေါ် အမေရိကန်နှင့် ကုလသမဂ္ဂတို့သည် ကြောင်ကြွက်ကိုကစားသလိုမျိုး ပြုမူနေကြသည်ဟု ဆိုသည်။**

ထိုဆွေးနွေးပွဲကိစ္စများနှင့် ပတ်သက်ပြီးတစ်စုံတစ်ရာ ဖိတ်ကြားချက်မရရှိကြောင်း အမေရိကန်ပြည်ထောင်စုက ခိုင်ခိုင်မာမာ ပြောဆိုခဲ့ပြီးအမေရိကန်ပြည်ထောင်စုသည် ဆွေးနွေးပွဲ၌ ပါဝင်မည်၊ မပါဝင်မည် ကို ပြောဆိုခြင်းမရှိဆဲ ဖြစ်ကြောင်း ကိုဖီအာနန်၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

**ပြောဆို**

ဇူလိုင်လထဲ၌ ဆောင်ရွက်ရန်ရှိသော အီရတ်၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်သို့ အသွင်ကူးပြောင်းခြင်း အစီအစဉ်များတွင် ကုလသမဂ္ဂ အနေဖြင့် မည်သို့ သင့်လျော်မည်ကိုသိရှိရန်အတွက် အမေရိကန် ဦးဆောင်သော ပူးပေါင်းအဖွဲ့နှင့် အမေရိကန်ခန့်ထားသည့် အီရတ်အုပ်ချုပ်မှုကောင်စီနှင့် တွေ့ဆုံလိုခြင်းဖြစ်ကြောင်း ကုလသမဂ္ဂ အကြီးအကဲ ကိုဖီအာနန်က ပြီးခဲ့သည့်အပတ်တွင် ပြောဆိုခဲ့သည်။

**တောင်းဆို**

ကိုဖီအာနန်က ဇန်နဝါရီ ၁၅ရက်၌ တွေ့ဆုံရန် အကြံပြုထားပြီး ကုလသမဂ္ဂ၏ အခန်းကဏ္ဍကိုလည်း ရှင်းရှင်းလင်းလင်း ဖြစ်စေရန် တောင်း ဆိုခဲ့သည်။ ထိုသို့တွေ့ဆုံဆွေးနွေးမည့်ရက်ကို အုပ်ချုပ်မှုကောင်စီက ရက်အနည်းငယ်မျှ ရွှေ့ဆိုင်းလိုကြောင်း အာနန်၏ ပြောရေးဆိုခွင့်ရှိသူကပြောကြားပြီး အခြားကုလသမဂ္ဂသတင်းရပ်ကွက်များက ဇန်နဝါရီ ၁၉ရက် ဖြစ်မည်ဟု ပြောဆိုကြသည်။

သို့ရာတွင် အမေရိကန်ပြည်ထောင်စုက တစ်လုံးတစ်ပါဒမျှ ပြောဆိုခြင်းမရှိကြောင်း ၎င်းကပြောဆိုသည်။

**လိုလား**

အီရတ်နိုင်ငံသို့ အမှုထမ်းများ ပြန်လွှတ်ခြင်းမပြုမီ ကုလသမဂ္ဂ တာဝန်ရှိမှုများကို ရှင်းရှင်းဖော်ထုတ်ရန်နှင့် လုံခြုံရေးအခြေအနေ ပိုမိုကောင်းမွန်ရန် ကိုဖီအာနန်က လိုလားသည်။ အစည်းအဝေး ကျင်းပရေးနှင့် စပ်လျဉ်း၍ ကြာသပတေးနေ့၌ အဆိုပြုရာတွင် ဇွန်လကုန်၌ ဘဂ္ဂဒက်တွင် အုပ်ချုပ်မှုလွှဲပြောင်းရေး ကိစ္စအပေါ် အီရတ်ခေါင်းဆောင်များနှင့် အမေရိကန်ပူးပေါင်းတပ်ဖွဲ့များကြား သဘောတူခဲ့ရာ၌ ကုလသမဂ္ဂအခန်းကဏ္ဍကို ဖော်ပြခြင်းမရှိခဲ့ကြောင်း ကိုဖီအာနန်က ပြောကြားသည်။ **(အင်တာနက်)**

# ဂျပန်၊တောင်ကိုရီးယား၊တရုတ်ခေါင်းဆောင်များ အီရတ်ကြွေးမြီလျှော့ချရေးဆွေးနွေးကြမည်

**ဝါရှင်တန် ဒီဇင်ဘာ ၂၃**

ကြွေးမြီလျှော့ချရေးဆွေးနွေးပွဲသစ်များကို ရှေ့သီတင်းပတ်ထဲတွင် ဂျပန်၊ တောင်ကိုရီးယား၊တရုတ်ခေါင်းဆောင်များနှင့် အီရတ်ကြွေးမြီဆိုင်ရာ အမေရိကန်သံတမန် ဂျိမ်းစ်ဘေကာတို့ ဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါ သုံးနိုင်ငံစလုံးက အီရတ်ပြန်လည်တည်ဆောက်ရေးကို ငွေကြေးပံ့ပိုးကူညီရန် ကတိခံထားကြပြီးဖြစ်ပြီး ဂျပန်နိုင်ငံက ပြန်လည်တည်ဆောက်ရေးအတွက် ပံ့ပိုးကူညီရန် ဒေါ်လာ ၅ဘီလီယံ တာဝန်ခံထားသည်။ အမေရိကန်ပြည်ထောင်စုက ဒေါ်လာ၂၀ဘီလီယံ တာဝန်ခံထားရာ အမေရိကန် ပြီးလျှင် ဒုတိယအများဆုံး တာဝန်ခံထားခြင်းဖြစ်သည်။

ဘေကာသည်ပြီးခဲ့သည့် အပတ်၌ ဥရောပသို့ ခရီးလှည့်ခဲ့ရာတွင် ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဗြိတိန်နှင့် ရုရှားတို့ထံမှ အီရတ်၏ကြွေးမြီဒေါ်လာ ၁၂၀ ဘီလီယံကို ကူညီလျှော့ချပေးရန် ကတိကဝတ်များရရှိခဲ့သည်။

အီရတ်နိုင်ငံသည် ဂျပန်သို့ဒေါ်လာ၄ဒသမ ၁ ဘီလီယံ၊ တောင်ကိုရီးယားသို့ ဒေါ်လာ ၅၄ဒသမ၇သန်း ပေးဆပ်ရန်ရှိသည်။ **(အင်တာနက်)**

**ဒီဇင်ဘာ ၂၃ရက်က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်တွင် အီရတ်သို့တောင်ကိုရီးယားတပ်ဖွဲ့ဝင်များ စေလွှတ်ရန် ဆုံးဖြတ်မှုအပေါ် ဆန့်ကျင်ဆန္ဒပြနေသော ပြည်သူများကို တွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)

## မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

# ရောဂါကူးစက်ခြင်း မရှိစေရန် ကြိုတင်ကာကွယ်မှုများလုပ်

**ဟောင်ကောင် ဒီဇင်ဘာ ၂၄**

ကူးစက်ရောဂါထိန်းချုပ်ရေး အရာရှိ (အိုင်စီအို)များကို ခန့်ထား တာဝန်ပေးထားခြင်းနှင့် လမ်းညွှန်ချက်များကို အားဖြည့်ခြင်းတို့အပါအဝင် ဘိုးဘွားရိပ်သာများတွင် ရောဂါများ မကူးစက်ရေးအတွက် ကြိုတင်ကာကွယ်မှုပြုလုပ်ကြရန်ဟောင်ကောင်ကျန်းမာရေးဌာနက တနင်္လာနေ့တွင် ကြေညာခဲ့သည်။

ကျန်းမာရေးဌာနသည် အားလုံး၏ တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးကို အောက်တိုဘာလ မကုန်မီက အကဲဖြတ်ခဲ့ပြီး ဘိုးဘွား ရိပ်သာများ၏ တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအခြေအနေမှာ ကျေနပ်ဖွယ် အဖြေမရရှိကြောင်း ကျန်းမာရေးဌာနဆေးနှင့်ကျန်းမာရေး အရာရှိဝန်ဝေယင်းက သတင်းစာ ရှင်းလင်းပွဲတစ်ရပ်တွင် ပြောဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ဘာကူဘာအနီး ကန်လေတပ်အခြေစိုက်စခန်း စိန်ပြောင်းများဖြင့်တိုက်ခိုက်ခဲ့မှုအီရတ်လူငယ်ဂုဏ်ယူ

**ဘာကူဘာ(အီရတ်) ဒီဇင်ဘာ ၂၄**

အမှောင်ထုကို အကာအကွယ်ယူပြီး အမေရိကန်လေတပ်အခြေစိုက်စခန်းတစ်ခုကို စိန်ပြောင်းများဖြင့် ဦးဆောင် တိုက်ခိုက်ခဲ့သော အီရတ်လူငယ်တစ်ဦးက သူဦးဆောင်တိုက်ခိုက်ခဲ့ပုံများကို ဂုဏ်ယူဝင့်ကြွားစွာဖြင့် အီရတ်လူကြီးများကို ပြန်လည်ပြောပြခဲ့သည်။

မှောင်စပျိုးပြီးသည်နှင့် ၈၂သို့မဟုတ် ၁၂၀ မမစိန်ပြောင်းများဖြင့် မိမိတို့စတင်တိုက်ခိုက်ခဲ့ကြောင်း ဆက်ဒမ်၏ လုံခြုံရေးတပ်ဖွဲ့၌ အထူးအရာရှိဖြစ်ခဲ့သူ အဘူဂျက်စ်ဆမ်က ပြောကြားသည်။

အဘူဂျက်စ်ဆမ်က ယခုအခါ အမေရိကန်တပ်များသိမ်းထားပြီး ဘာကူဘာမြို့နှင့် နီးကပ်သည့် ယခင်အီရတ် လေတပ်အခြေစိုက်စခန်းနှင့် အနီးမှကျေးရွာတစ်ခုတွင် မိမိနေထိုင်ပြီး စိန်ပြောင်းကျည်ကိုးလုံးဖြင့် မိမိတို့ပစ်ခတ်ခဲ့ကြောင်း ပြောဆိုသည်။

ဆက်ဒမ်ဟူစိန်ကို လွှန်ခဲ့သည့်အပတ်၌ ဖမ်းဆီးမိသွားခြင်းကြောင့် မိမိ၏ အပေါင်းအသင်းများ တုန်လှုပ်သွားခဲ့သော်လည်း အမေရိကန်သိမ်းပိုက်သူများကို ထိခိုက်သေကျေအောင်လုပ်သည်ဆိုသော စိတ်ဓာတ်သည် ပျက်ပြားမသွားကြောင်းလည်း အဘူဂျက်စ်ဆမ်က ပြောဆိုသည်။

ထို့ပြင် ဆက်ဒမ်ကို ချစ်မြတ်နိုး၍ မဟုတ်ဘဲ ပြည်သူများကို ချစ်မြတ်နိုးသည့်အတွက် အမေရိကန်ခုခံရေး ခိုင်မာမည်ဖြစ်ကြောင်းလည်း အဘူဂျက်စ်ဆမ်က ပြောဆိုသည်။

မေ ၁ ရက်၌ စစ်ပွဲပြီးကြောင်း အမေရိကန်ကကြေညာခဲ့ချိန်မှစပြီး အမေရိကန်တပ်ဖွဲ့ဝင် ၂၀၀ကျော်သေဆုံးခဲ့ပြီးဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

# ဘဏ်သို့ငွေပို့ရာ၌ အစောင့်လိုက်သွားသော အမေရိကန်ယာဉ်တန်း တိုက်ခိုက်ခြင်းခံရသဖြင့် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

**မိုဆူးလ် ဒီဇင်ဘာ ၂၄**

မိုဆူးလ်ရှိ ဘဏ်တစ်ခုသို့ ငွေပို့သွားရာတွင် အစောင့်လိုက်ပါလာသော အမေရိကန်ဟမ်ဗီးယာဉ် လေးစီးကို တိုက်ခိုက်ရေးသမားများက ဒုံးပစ်လောင်ချာဖြင့် အင်္ဂါနေ့က ပစ်ခတ်ခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦး သေဆုံးသွားကြောင်း ထိုနေရာရှိ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

အဆိုပါ မိုဆူးလ်မြို့၌ပင် တရားသူကြီးတစ်ဦးကို သေနတ်သမားများက တနင်္လာနေ့ညတွင် သူ၏ကားထဲ၌ သတ်ဖြတ်သွားခဲ့ကြသည်။ တိုက်ခိုက်ရေးသမားများ လွတ်မြောက်သွားကြသည်ဟု သိရသည်။

ထိုအင်္ဂါနေ့၌ပင် အီရတ်ပြန်လည်တည်ဆောက်ရေးအတွက် နိုင်ငံတကာဆိုင်ရာက စီမံခန့်ခွဲသော ယုံကြည်မှုရန်ပုံငွေသို့ ဥရောပသမဂ္ဂက အမေရိကန်ဒေါ်လာ ၉ဒသမ ၉ သန်းကို ဘရပ်ဆယ်မြို့၌ ထည့်ဝင်လှူဒါန်းခဲ့သည်။

တနင်္လာနေ့ကလည်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ရုရှား၌အလည်ရောက်ရှိနေသော အီရတ်အုပ်ချုပ်မှုကောင်စီဝင်များနှင့် တွေ့ဆုံဆွေးနွေးရာ၌ အီရတ်က ရုရှားသို့ပေးရန်ရှိသော ကြွေးမြီဒေါ်လာ ရှစ်ဘီလီယံ၏ ၆၅ ရာခိုင်နှုန်းကို လျှော့ပစ်ရန်အသင့်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

အဆိုပါကြွေးမြီပမာဏမှာ မြီရှင်နိုင်ငံများအသင်းဖြစ်သည့် ပါရီကလပ်အသင်းသို့ အီရတ်ကပေးရန်ရှိသော ခန့်မှန်းခြေဒေါ်လာ ၄၁ ဘီလီယံ၏ အစိတ်အပိုင်းဖြစ်သည်ဟုသိရသည်။ အီရတ်၏ဘက်ပေါင်းစုံကြွေးမြီပမာဏမှာ ဒေါ်လာ ၁၂၀ ဘီလီယံခန့်ဖြစ်သည်။ **(အင်တာနက်)**



# အီရတ်ကိုအမေရိကန်ဦးဆောင်ပြီး ကျူးကျော်တိုက်ခိုက်သည့်ရည်ရွယ်ချက် အီရတ်ရေနံကိုထိန်းချုပ်လို၍ဖြစ်ကြောင်း ကျူးဘားသမ္မတပြောဆို

ကရာကာ့စ် ဒီဇင်ဘာ ၂၄

**အမေရိကန်ဦးဆောင်ပြီး အီရတ်ကိုကျူးကျော်တိုက်ခိုက်ခြင်းသည် အီရတ်နိုင်ငံ၏ရေနံကိုထိန်းချုပ်လိုသည့် ရည်ရွယ်ချက်ရှိခြင်းကြောင့်ဖြစ်သည်ဟု ဗင်နီဇွဲလားရုပ်မြင်သံကြား တွေ့ဆုံမေးမြန်းခန်း၌ ကျူးဘားသမ္မတ ဖီဒယ်ကက်စ်ထရိုက ယမန်နေ့၌ပြောကြားလိုက်သည်။**

အီရတ်နိုင်ငံထဲသို့ ကျူးကျော်ဝင်ရောက်ရန်အတွက် အကျင့်သိက္ခာ အကျိုးအကြောင်း တင်ပြချက်မရှိကြောင်း၊ ဖြစ်နိုင်ဖွယ် တရားမျှတမှုလည်းမရှိကြောင်း ကက်စ်ထရိုက ပြောဆိုသည်။

**ရေနံရရှိရန်**

ထိုသို့ အီရတ်နိုင်ငံထဲသို့ ကျူးကျော်ဝင်ရောက် တိုက်ခိုက်ခြင်းကို ကုလသမဂ္ဂက သဘောမတူခဲ့ကြောင်း၊ အင်အားအကြီးဆုံးနိုင်ငံကြီးက အီရတ်နိုင်ငံကို ကျူးကျော်ဝင်ရောက်ရန် သဘောတူသည်ထက် အဓိကရည်ရွယ်ချက်မှာ ရေနံဟုခေါ်သော အီရတ်နိုင်ငံ၏ ကုန်ကြမ်းပစ္စည်းကို ရရှိရန်ပင်ဖြစ်ကြောင်း ကက်စ်ထရိုကပြောဆိုသည်။

**ရောက်ရှိ**

ကက်စ်ထရိုသည်ဒေသဆိုင်ရာ မဟာမိတ်ဖြစ်သော ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်၏ ဖိတ်ကြားချက်အရ ဗင်နီဇွဲလားနိုင်ငံ၏ လာအော်ချီလာကျွန်းသို့ ရောက်ရှိနေခြင်းဖြစ်သည်။

**တရားမဝင်**

အီရတ်ကို ကျူးကျော်ဝင်ရောက် တိုက်ခိုက်မှုတရားမျှတစေရန်အတွက် အမေရိကန်ကအသုံးပြုသော အကျိုးအကြောင်းသည် ဥပဒေအရတရားဝင်ခြင်း မရှိကြောင်း ကက်စ်ထရိုက ပြောဆိုသည်။ သူတို့က အီရတ်နိုင်ငံကို အဖျက်စွမ်းအားကြီးမားသော လက်နက်များ ရှိထားသည်ဟု စွပ်စွဲထားပြီး သူတို့သည် ထိုအဖျက်စွမ်းအားကြီးမားသော လက်နက်များကို လက်ဝါးကြီးအုပ်ထားကြသူများဖြစ်ကြသည်။

**ဖျက်ဆီးခဲ့**

ထို့ပြင်အီရတ်၌ အဖျက်စွမ်းအားကြီးမားသော လက်နက်တစ်စုံတစ်ရာကိုမျှ ရှာမတွေ့ခဲ့ကြောင်း၊ ဆက်ဒမ်၌ အချို့ရှိထားခဲ့ဖွယ်ရှိပြီး ယင်းတို့ကို ဖျက်ဆီးပစ်ခဲ့ဖွယ်ရှိကြောင်း ကက်စ်ထရိုကပြောဆိုသည်။

**(အင်တာနက်)**

## နိုင်ငံတကာသတင်းများ

# အီရတ်ကြွေးမြီများလျှော်ပစ်ရေး ကူဝိတ်ဆန့်ကျင်ကန့်ကွက်

**ကူဝိတ် ဒီဇင်ဘာ ၂၄**

အီရတ်စစ်ပွဲပြီးနောက် ကူဝိတ်နိုင်ငံတွင် တနင်္ဂနွေနေ့က ပထမဆုံးအကြိမ် ကျင်းပသော ပင်လယ်ကွေ့အာရပ်နိုင်ငံများအစည်းအဝေးတွင် အီရတ်၏ များပြားလှသော ကြွေးမြီများနှင့်စပ်လျဉ်းသည့် အကြောင်းအရာသည် ထိပ်ဆုံးကရှိခဲ့သည်။

ကူဝိတ်၌ နှစ်ရက်ကြာကျင်းပမည့် ရေနံကြွယ်ဝသော ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ(ဂျီစီစီ) အစည်းအဝေးသည် ပထမဦးစွာ နိုင်ငံခြားရေး ဝန်ကြီးများက တွေ့ဆုံဆွေးနွေးကြပြီး ထိုနေ့နှောင်းပိုင်း၌ အုပ်ချုပ်သူများနှင့် နိုင်ငံအကြီးအကဲများ စုပေါင်းလျက် စည်းဝေးကြမည် ဖြစ်သည်။

ယင်းအစည်းအဝေး၌ အီရတ်၏ ကြွေးမြီများအားလုံး လျှော်ပစ်ရန်ကိစ္စကို ကူဝိတ်နိုင်ငံက ကန့်ကွက်ခဲ့သော်လည်း ဆော်ဒီသံတမန်က အခြေအနေကို စောင့်ကြည့်မည်ဟု ပြောဆိုခဲ့သည်။

**အမ်အင်အေ၊ရိုက်တာ**

## လုံခြုံရေးစောင့်ကြပ်

**ဒီဇင်ဘာ ၂၄ရက်က ဘဂ္ဂဒက်မြို့ရှိ စက်သုံးဆီဆိုင်တစ်ဆိုင်အနီး လုံခြုံရေးစောင့်ကြပ်နေသော စစ်ယာဉ်တစ်စီးနှင့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)



# အီရတ်ပြည်သူတို့၏ လူနေမှုဘဝကြမ်းတမ်းမှု အမြန်ဆုံးဖြေရှင်းနိုင်ရေး ရုရှားသမ္မတပြောဆို

မော်စကို ဒီဇင်ဘာ ၂၄

**ယခုအခါ အီရတ်ပြည်သူများအတွက် လူနေမှုဘဝ မည်မျှခက်ခဲကြမ်းတမ်းသည်ကို မိမိတို့သိထားရာ ထိုပြဿနာများကို အီရတ်ပြည်သူတို့အမြန်ဆုံးဖြေရှင်းနိုင်ရန် မိမိတို့ဆန္ဒပြုကြောင်း ရုရှားသမ္မတပူတင်က ပြောဆိုသည်။**

အီရတ်နိုင်ငံ၏ နိုင်ငံခြားကြွေးမြီဒေါ်လာ ၁၂၀ ဘီလီယံအနက်ရုရှားသို့ အီရတ်ကပေးရန်ရှိသော ကြွေးမြီမှာ ဒေါ်လာရှစ်ဘီလီယံခန့် ဖြစ်သည်။

**ကတိကဝတ်ပြု**

စစ်ပြီးကာလ အီရတ်နိုင်ငံတွင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကို ရုရှားနိုင်ငံကဂရုတစိုက် ကူညီလုပ်ဆောင်မည့်ဆန္ဒကို ရုရှားသမ္မတ ဗလာဒီမာပူတင်က တနင်္လာနေ့တွင် ထုတ်ဖော်ပြောကြားလိုက်ပြီး မကြာမီကာလ၌ ရုရှားကုမ္ပဏီများက အမြောက်အမြား ရင်းနှီးမြှုပ်နှံကြမည်ဖြစ်ကြောင်း ကတိကဝတ်ပြုလိုက်သည်။

ရုရှားကုမ္ပဏီများသည် အီရတ်နိုင်ငံတွင် တက်တက်ကြွကြွလုပ်ဆောင်သွားကြရန်အသင့်ရှိကြကြောင်း အီရတ်ကြားဖြတ်အုပ်ချုပ်ရေးကောင်စီအကြီးအကဲ အဗ္ဗဒယ်အဇစ်အယ်လ်ဟာကင်မ်နှင့် ဆွေးနွေးစဉ် သမ္မတပူတင်က ထုတ်ဖော် ပြောကြားသည်။

**ခန့်မှန်း**

မကြာမီကာလ၌ ရုရှားကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုငွေကြေးပမာဏသည် ဒေါ်လာလေးဘီလီယံရှိမည်ဟု ခန့်မှန်းကြောင်း သမ္မတပူတင်ကပြောဆိုသည်။

**မျှော်လင့်**

အီရတ်နှင့် ဆက်ဆံရေးကောင်းအစဉ်အလာရှိခဲ့သော ရုရှားနိုင်ငံသည် အီရတ်ပြည်သူများနှင့် ဆက်ဆံရေးတိုးတက်မှုအပေါ် အခြေခံလျက်အီရတ်အာဏာပိုင်သစ်များနှင့်လည်း ဆက်ဆံရေးကိုထိန်းသိမ်းသွားရန် မျှော်လင့်ထားသည်။

**အမ်အင်အေ၊ ဆင်ဟွာ**

# အိန္ဒိယ၊ မြန်မာနှင့်ထိုင်းသုံးနိုင်ငံ အဝေးပြေးလမ်းမကြီးစီမံကိန်း လာမည့်နှစ်အစောပိုင်းတွင် ပထမအဆင့်ကိုစတင်ဆောင်ရွက်ရန်ဆုံးဖြတ်

နယူးဒေလီ ဒီဇင်ဘာ ၂၄

**အိန္ဒိယ၊ မြန်မာနှင့်ထိုင်း သုံးနိုင်ငံကိုဆက်သွယ်မည့် အရှည် ကီလိုမီတာ၁၃၆၀ရှိ သုံးနိုင်ငံအဝေးပြေးလမ်းမကြီးစီမံကိန်း၏ ပထမအဆင့်ကို လာမည့်နှစ်အစောပိုင်းတွင် စတင်ဆောင်ရွက်သွားရန် အဆိုပါ အိန္ဒိယ၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့က အင်္ဂါနေ့၌ဆုံးဖြတ်ခဲ့ကြသည်။ အဆိုပါစီမံကိန်း၏ ပထမအဆင့်ဖြစ်သော ကီလိုမီတာ ၁၃၆၀ အရှည်၏တန်ဖိုးမှာ ဒေါ်လာသန်း ၇၀၀ဖြစ်သည်ဟု သိရသည်။**

အိန္ဒိယနိုင်ငံမိုရေးမှစတင်ပြီး မြန်မာနိုင်ငံ ပုဂံမြို့ကိုဖြတ်၍ ထိုင်းနိုင်ငံမဲဆောက်ထိဖောက်လုပ်မည့် အဝေးပြေးလမ်းမကြီး၏ ပထမအဆင့်တွင် ၇၈ကီလိုမီတာရှည်သော လမ်းသစ်ဖောက်လုပ်ခြင်း၊ ကီလိုမီတာ ၄၀၀ခန့်အရှည်ရှိသော တစ်လမ်းသွားကို နှစ်လမ်းသွားအဖြစ် အဆင့်တိုးမြှင့်ခြင်းတို့ ပါဝင်မည်ဖြစ်ကြောင်း အိန္ဒိယပြည်ပရေးရာဝန်ကြီး ယာ့ရှ်ဝမ့်ဆင်ဟာက နယူးဒေလီ၌ ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဆူရာကီယတ်ဆာသီရာ ထိုင်းနှင့်မြန်မာနိုင်ငံခြားရေးဝန်ကြီးတို့နှင့်အတူ ပူးတွဲပြုလုပ်သော သတင်းစာတွေ့ဆုံပွဲ၌ ပြောကြားသည်။

ပထမအဆင့်သည် ခန့်မှန်းခြေ ဒေါ်လာ ၂၅၂သန်း ကုန်ကျမည်ဖြစ်ရာ အိန္ဒိယက ဒေါ်လာသန်း ၁၀၀ခန့် ထည့်ဝင်မည်ဟု ဝန်ကြီးဆင်ဟာက ပြောဆိုသည်။ ထိုင်းနိုင်ငံက ဒေါ်လာသန်း ၉၀ခန့်နှင့် ကျန်ရှိသောငွေကြေးအပိုင်းကို မြန်မာနိုင်ငံက ထည့်ဝင်မည်ဖြစ်သည်။

ဒုတိယအဆင့်၌ ဒေါ်လာ ၁၅၄ သန်းနှင့် နောက်ဆုံးအဆင့်၌ ဒေါ်လာ ၂၈၄သန်း ကုန်ကျဖွယ်ရှိသည်ဟု ဆိုသည်။ သုံးနိုင်ငံအဝေးပြေးလမ်းမကြီး တည်ဆောက်ဖောက်လုပ်ရေးအတွက် ကုန်ကျစရိတ်ထည့်ဝင်မှုကို လွန်ခဲ့သည့်ဧပြီလ၌ ရန်ကုန်တွင် သုံးနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၌ ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။

သုံးနိုင်ငံနိုင်ငံခြားရေးဝန်ကြီးများသည် လုပ်ငန်းတိုးတက်မှုအခြေအနေတို့ကို သုံးသပ်ရန်အတွက် လာမည့် ပထမနှစ်ဝက်၌ မြန်မာနိုင်ငံတွင် ထပ်မံတွေ့ဆုံဆွေးနွေးကြဦးမည်ဟု ဝန်ကြီးဆင်ဟာက ပြောကြားသည်။

**(ပီတီအိုင်)**

**ဒီဇင်ဘာ ၂၄ ရက်က တရုတ်နိုင်ငံ ဘေဂျင်းမြို့တွင် ၂၀၀၈ ခုနှစ်၌ ကျင်းပမည့် အိုလံပစ်အားကစားပွဲတော်အတွက် အားကစားကွင်းများ စတင်ဆောက်လုပ်ခြင်း အထိမ်းအမှတ်အဖြစ် ၂၀၀၈ စာလုံးများကို လွှတ်တင်နေကြစဉ်။**

(ဓာတ်ပုံ-အင်တာနက်)



# လပွတ္တာမြို့ မိုးကုတ်ရိပ်သာ ခုနစ်ရက်စခန်းပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ဧရာဝတီတိုင်း လပွတ္တာမြို့ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ်(၁၁၅)၏ နှစ်စဉ်ကျင်းပလျက်ရှိသော ခုနစ်ရက်တရားစခန်းပွဲကို (ဇန်နဝါရီ ၁၆ရက်မှ ၂၂ ရက်) ပြာသိုလပြည့်ကျော် ၁၀ရက်မှ တပို့တွဲလဆန်း ၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကို ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယဖြစ်သော ဘဒ္ဒန္တတေဇိန္ဒ (B.Sc.Phy)က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၄)ရပ်ကွက်ရှိ သိရီလက္ခဏာရာမ –ဒဂုံသာသနာ့ရိပ်သာ အလယ်ကျောင်းဆောင်တော်ကြီး၏ ဗုဒ္ဓအဓိဝါသ ဂန္ဓကုဋိဘုရားကျောင်းဆောင်နှင့် အတိသုခဝါသစံကျောင်း(စနုဆောင်)တည်ဆောက်ရေးအုတ်မြစ်စီမင်္ဂလာအခမ်းအနားတွင် ဦးရှိန်မြင့်–ဒေါ်ခင်သန်းမြင့်(ဂုဏ်ရှိန်မြင့်)မိသားစု၏ လှူဒါန်း ငွေကျပ် ၈၁ သိန်းကို လက်ခံစဉ်။ (သတင်းစဉ်)**

❀ *ကျောဖုံးမှ*

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

## ရေးမူမပျက်

ရှေးဦးစွာ အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များအား မင်္ဂလာမဏ္ဍပ်၌ သိရီလက္ခဏာရာမ–ဒဂုံသာသနာ့ရိပ်သာ ဗုဒ္ဓသာသနဟိတကာရီအဖွဲ့နာယက ဒုတိယဗိုလ်မှူးကြီးလှမိုး (အငြိမ်းစား)(နိုင်ငံ့ဂုဏ်ရည်ပထမဆင့်) နှင့်အဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးအောင်သိန်းတို့က ဗုဒ္ဓအဓိဝါသဂန္ဓကုဋိ ဘုရားကျောင်းဆောင်နှင့် အတိသုခဝါသစံကျောင်း(စနုဆောင်)အပါအဝင် သိရီလက္ခဏာရာမ–ဒဂုံသာသနာ့ရိပ်သာ၏ အလယ်ကျောင်းဆောင်တော်ကြီးအား ရေးမူမပျက် တည်ဆောက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

## အုတ်မြစ်တော်စီ

ထို့နောက် အုတ်မြစ်တော်စီမင်္ဂလာအခမ်းအနားကို သတ်မှတ်ထားသည့် နေရာ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ရတနာငွေကြုတ်နှင့် ပတ္တမြားရတနာအုတ်မြစ်တော်တို့ကို စီထားပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အလှူရှင်တို့က သက်ဆိုင်ရာနေရာအသီးသီး၌ ရတနာအုတ်မြစ်တော်များကို စီထားပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)က အုတ်မြစ်တော်စီ မင်္ဂလာကမ္ပည်းကျောက်စာကို ချထားပေးပြီး ဆရာတော်ကြီးများက ဇယန္တော ဘောဓိယာမူလေဂါထာတော်ကို ရွတ်ဆိုချီးမြှင့်တော်မူကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များက ရတနာရွှေမိုး၊ ငွေမိုး ရွာသွန်းပေးကြသည်။

## လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဝိသာခါကျောင်းဆောင်၌ အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ကျင်းပရာ ရှေးဦးစွာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘိဓဇမဟာရဋ္ဌဂုရု အောင်မြေဘုံစံကျောင်း ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ အလှူရှင်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရနှင့် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ သိရီလက္ခဏာရာမ–ဒဂုံသာသနာ့ရိပ်သာ ပဓာနနာယက ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တလက္ခဏက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

## အလှူငွေပေးအပ်

ထို့နောက် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ ဦးဘခိုင်–ဒေါ်တင်လှိုင်မိသားစု (ဇလပ်ဝါဘီစကစ်)က အတိသုခဝါသစံကျောင်း(စနုဆောင်) ဆောက်လုပ်ရေးအတွက် ငွေကျပ် သိန်း ၁၀၀ ကို အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဦးရှိန်မြင့်–ဒေါ်ခင်သန်းမြင့် (ဂုဏ်ရှိန်မြင့်) မိသားစုက ငွေကျပ် ၈၁ သိန်း၊ ဒေါ်တင့်တင့်မေ (သာခင်၊ အေး၊ မြကျောင်းအမ)က ငွေကျပ် ၇၃ သိန်း၊ ဒုတိယဗိုလ်မှူးကြီးလှမိုး(ငြိမ်း) (နိုင်ငံ့ဂုဏ်ရည်ပထမဆင့်)ဇနီး ဒေါ်ခင်မလေး မိသားစုက ငွေကျပ် ငါးသိန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ဇနီး (ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန)ပါမောက္ခ ဒေါ်ခင်ဆွေမြင့် မိသားစုက ငွေကျပ် သုံးသိန်း၊ ဒေါ်မြင့်မြင့်ကြည် (ညွှန်ကြားရေးမှူး၊ ရသုံးမှန်ခြေငွေစာရင်းဦးစီးဌာန)က ငွေကျပ် ငါးသိန်း၊ သီရိသုဓမ္မသိင်္ဂီ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ကြည်က ငွေကျပ် ၄၃ သိန်း၊ ဦးအောင်သိမ်း–ဒေါ်လေးလွင် သားသမီး၊ မြေးတစ်စုက ငွေကျပ် ၂၈ သိန်း၊ ဦးကျင်ဟုတ်–(ဒေါ်သောင်းစိန်)၊ သမီးမြင့်မြင့်စန်း မိသားစုက ငွေကျပ် ၂၅ သိန်း၊ ဦးမောင်မောင်ခဆွေ–ဒေါ်အေးအေးစိုး မိသားစုက ငွေကျပ် သိန်း ၂၀၊ ဒေါ်သန်းမြင့် မိသားစု (တိုယိုတာပလတ်စတစ်အိတ်လုပ်ငန်း)က ငွေကျပ် ၁၈ သိန်း၊ ဒေါ်စီစီ၊ ဒေါ်ကျင်ကျင်၊ (ဦးလှဦး)၊ ဒေါ်ခင်အုန်းကျင် (မာလာမြိုင် မိသားစု)က ငွေကျပ် ၁၅ သိန်း၊ ကွယ်လွန်သူ ဦးပါအားရည်စူး၍ ဒေါ်တင်ရွှေ (ပါရွှေရတနာ) မိသားစုက ငွေကျပ် ၁၃၁၀၀၀၀၊ဦးအောင်မင်း– ဒေါ်အမာကြူ မိသားစုက ငွေကျပ် ၁၂၈၀၀၀၀၊ ဦးဘသိန်း–ဒေါ်ကြည် မိသားစုက ငွေကျပ် ၁၀ သိန်း၊ ဦးအောင်သိန်း–ဒေါ်ခင်မေမြင့် မိသားစုက ငွေကျပ် ၇၈၀၀၀၀၊ ဦးကြည်လင်–ဒေါ်ခင်မေ မိသားစုက ငွေကျပ် ငါးသိန်း၊ ဒေါ်ဝမ်ဖွေ၊ သမီး ဒေါ်စန်းစန်းဆွေတို့က ငွေကျပ် လေးသိန်း၊ ဦးရဲမြင့်ဖေ–ဒေါ်ညိုညို မိသားစုကငွေကျပ် ငါးသိန်း၊ ဦးခင်မောင်ဝင်း–ဒေါ်စန်းစန်းခိုင်တို့က ငွေကျပ် ၄၅၀၀၀၀၊ မတင်တင်ထွေး၊ မတင်မေထွဋ်တို့က ငွေကျပ်လေးသိန်း၊ ဦးကျော်ဆန်း–ဒေါ်ခင်မြမြ မိသားစုက ငွေကျပ် သုံးသိန်း အပါအဝင် အလှူငွေစုစုပေါင်း ငွေကျပ်သိန်း ၆၀၀ ကျော်ကို အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ တိုင်းမှူး၊ ဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် ဩဝါဒါစရိယ တိပိဋကဓရ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ စစ်ကိုင်းတောင်ရိုး မဟာသဇ္ဇနောဒယချောင်ဆရာတော်ကြီး ဘဒ္ဒန္တ သဇ္ဇနာဘိဝံသက အနုမောဒနာ ရေစက်ချ တရားတော် ချီးမြှင့်တော်မူသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေပြီး ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်

(က) နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(ဂ) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး။

# (၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့ပြပွဲ

**နေ့ရက် – ၃–၁–၂၀၀၄ မှ ၁၁–၁–၂၀၀၄**

**အချိန် – နံနက်(၀၉း၀၀)နာရီမှ ညနေ(၁၇း၀၀) နာရီ**

**နေရာ – တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့**

မည်သူမဆိုအခမဲ့လာရောက်ကြည့်ရှုနိုင်ပါသည်။

❍ *ကျောဖုံးမှ*

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရာဖြတ်ဌာန ဌာနမှူး ဦးထွန်းသန်းထွန်းက ရေဆိုးသန့်စင်စက်ရုံ၏ အကွက်ချပုံစံ၊ စက်ရုံ၏ အစိတ်အပိုင်းများ တည်ဆောက်မှုလုပ်ငန်းအဆင့်ဆင့်၊ မြို့ပြစက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဆိုင်ရာ လုပ်ငန်းများဆောင်ရွက်မှုအခြေအနေ၊ လုပ်ငန်းသုံးစက်ကိရိယာနှင့် ပစ္စည်းများ စုဆောင်းထားရှိမှု အခြေအနေတို့ကို ရုပ်ပုံကားချပ်၊ ဗီဒီယိုဆလိုက်များဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကွန်ကရစ်ကျွမ်းကျင်သူ ဦးတိုးလှိုင်က လုပ်ငန်းအဆင့်လိုက် အရည်အသွေးစစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားပြီး ရေဆိုးသန့်စင်စက်ရုံတည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်၍ ရေဆိုးမွေကန်တည်ဆောက်ခြင်းလုပ်ငန်း၊ ရေဆိုးထိန်းကန် တည်ဆောက်ခြင်းလုပ်ငန်း၊ အရည်ကြည်ထုတ်ကန်နှင့် အစိုင်အခဲထုတ်ကန် တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ အထွေထွေသုံး စုဝေးခန်းမကြီးတည်ဆောက်ရေးလုပ်ငန်းခွင်သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး လုပ်ငန်းတိုးတက်မှုအခြေအနေများကို လုပ်ငန်းခွင်အတွင်း လိုက်လံပြသရှင်းလင်းသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားပြီး ညနေပိုင်းတွင်လုပ်ငန်းခွင်မှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ပညာရေးစုံညီပွဲတော်
(၂၇၊၁၂၊၂၀၀၃ မှ ၃၊၁၊၂၀၀၄)
SCHOOL FAMILY DAY
(27/12/2003 to 3/1/2004)

တင်ရှုက်ခဲ့ပြီး အခြား
ပုံအခြေခံဥပဒေနှင့်
နေ့တွင် နိုင်ငံတော်
ဆင့် လမ်းစဉ်ပါတီ
။
အောက်တိုဘာ ၃
ခန်းနှင့် ပန်ကောက်
င်းဖြင့် ဝင်ရောက်
ဖြင့် စခန်းများကို
ပတို့၏ စစ်ရေး
အပါအဝင် ဟိုပန်
ခြားအလုံးအရင်းဖြင့်
တပ်မတော်သည်
စစ်ဆင်ရေးကြီးမှာ
နေ့အထိ ၂၅ ရက်
၀)ကြိမ်အပါအဝင်
တိုက်အပြင်းအထန်
ပအင်အား ၅၀၀
ခဲ့သည်။ တပ်မတော်
တိုင်းပြည်အတွက်

ဒဏ်ရာရရှိခဲ့သည်။
ပိုင်ယာအမျိုးအစား
သည်။ စင်စစ် ခြူးရွှေ
အရင်းအနှီးများစွာ
တစ်ခုပင် ဖြစ်သည်။
ည် တပ်မတော်၏
တိုက်ပွဲတွင် နဖူးတွေ့
၏ ချမှတ်ထားသော
မစွန့်လွှတ်နိုင်ကြ၍
ကြိမ်မြောက် ကွမ်းလုံ
ကြသည်။ ထို့ကြောင့်
င်စစ်ဆင်ရေး” ဖြင့်
–၂–၇၈ ရက်နေ့မှ

# (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြို ဂုဏ်ပြုဆောင်းပါးနှင့် သမိုင်းပုံရိပ်လွှာ

# သို့ထိန်းသိမ်းကာကွယ်ခဲ့ရသည်

ကေတုနီလာ

၁၀-၂-၇၈ ရက်နေ့အထိ တိုက်ပွဲကြီးများပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။ ယင်းတိုက်ပွဲ များတွင် တပ်မတော်(လေ)မှ တိုက်လေယာဉ်များလည်း ပါဝင်တိုက်ခိုက်ခဲ့သဖြင့် ဗကပ အင်အား (၁၃၀၀) ကျော် အနက် ၁၀၀ ကျော် ကျဆုံးပြီး အများအပြားဒဏ်ရာ ရရှိသွားကြသည်။ ဗကပတို့သည် ကစဉ့်ကလျား ဆုတ်ခွာထွက်ပြေးသွားကြရသည်။ တပ်မတော်မှ စစ်သည် (၄၁) ဦး တိုင်းပြည်အတွက် အသက် ပေးလှူခဲ့ရပြီး ၄၈ ဦး ဒဏ်ရာရရှိခဲ့သည်။

ဗကပများသည် အကျအဆုံးများစွာဖြင့် ဆုတ်ခွာခဲ့ကြရသော်လည်း ယင်းတို့အတွက် စစ်ရေးအရ အကဲသာနိုင်မည့်ဒေသအဖြစ် တန့်ယန်းဒေသအတွင်း နောင်လိုင်ပါဖန့်နှင့် ပွိုင့် ၆၀၄၁ စခန်း လွယ်စန့်ဒေသတို့ကို ရွေးချယ်ပြီး ထိုးဖောက် တိုက်ခိုက်လာခဲ့ကြသည်။ တပ်မတော်ကလည်း ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ပြန်လည်တွန်းလှန်ချေမှုန်းခဲ့ရာ ပြင်းထန်သော တိုက်ပွဲကြီးများ ဖြစ်ပွားခဲ့သည်။ ယင်းတိုက်ပွဲကြီးများသည် ၆-၃-၇၈ ရက်နေ့မှ ၂၅-၃-၇၈ ရက်နေ့အထိ ရက် ၂၀ ကြာမြင့်ခဲ့ပြီး ဗကပအင်အား (၅၀၀)ကျော်ကို ချေမှုန်းနိုင် သည့်အပြင် အများ အပြားလည်း ဒဏ်ရာရရှိစေခဲ့သည်။ တပ်မတော်မှ အရာရှိ၊ အကြပ်၊စစ်သည် စုစုပေါင်း (၉၀) ဦး တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ရသည်။ ၁၇၆ ဦး ဒဏ်ရာရရှိခဲ့သည်။

ယင်းကဲ့သို့ တပ်မတော်က ဗကပတို့အား အပြင်းအထန် တွန်းလှန်ချေမှုန်းလျက်ရှိသဖြင့် နိုင်ငံရေး၊ စစ်ရေးအရ ကျဆင်းလာသည်ကို ပြန်လည်ကုစားနိုင်ရန်အတွက် ၁၉၈၀ ပြည့်နှစ် ဧပြီလ (၁၉) ရက်နေ့တွင်လည်းကောင်း၊ ဇူလိုင်လအတွင်းတွင်လည်းကောင်း၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေဖြစ်သော မိုင်းယောင်းဒေသကို ဗကပတို့က အင်အားများစွာဖြင့် ဝင်ရောက် တိုက်ခိုက်ခဲ့ရာ တပ်မတော်က ရှုပ်ရှုပ်ချွံချွံ ခုခံတွန်းလှန်ခဲ့သဖြင့် ပထမတိုက်ပွဲတွင် ဗကပအင်အား (၈၁) ဦးကျဆုံးပြီး လက်နက်မျိုးစုံ (၇)လက်ကို သိမ်းဆည်းရမိခဲ့သည်။ ဒုတိယအကြိမ် တိုက်ပွဲတွင် ဗကပအင်အား (၉၁) ဦး ကျဆုံးပြီး (၁၁၅)ဦး ဒဏ်ရာရရှိစေခဲ့သည်။ တပ်မတော်မှ အရာရှိ၊ အကြပ်၊ စစ်သည်စုစုပေါင်း (၆၈)ဦး တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ပြီး (၇၂)ဦး ဒဏ်ရာရရှိခဲ့သည်။

ယင်းအပြင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ မူဆယ်မြို့နယ် စီစီဝမ်တာပန်ဒေသရှိ စခန်းများအား ၁၉၈၆ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ဗကပ အင်အား ၈၀၀၀ ခန့်သည် လက်နက်ကြီးပစ်ကူများဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားပြီး ယင်းစခန်းများကို ယာယီဆုတ်ခွာ ပေးခဲ့ရသည်။ ယင်းဆုတ်ခွာ ပေးခဲ့ရသော စခန်းများ ပြန်လည်ရရှိရေးအတွက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ်နှင့် အမှတ်(၉၉)ခြေမြန်တပ်မဌာနချုပ် လက်အောက်ခံတပ်ရင်းများက ပြန်လည်တိုက်ခိုက်ခဲ့ရာ ၁၉၈၇ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် စီစီဝမ်တာပန်ဒေသ စခန်းများကို အဆင့်ဆင့် ပြန်လည် သိမ်းပိုက်ရယူနိုင်ခဲ့သည်။ ၁၉၈၇ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် မြင်တန်ရွာနှင့် ကြူကုတ်(ပန်ဆိုင်း)တို့ကိုပါ တပ်မတော်က သိမ်းပိုက်နိုင်ခဲ့သည်။ ယင်းတိုက်ပွဲများတွင် တပ်မတော် အရာရှိ အကြပ်စစ်သည် စုစုပေါင်း ၁၇၅ ဦး နိုင်ငံအတွက် အသက်ပေးလှူခဲ့ရသည်။ ဗကပ ၅၉၁ ဦးကို အသေရရှိပြီး ၁၀ ဦးကို လက်ရဖမ်းမိကာ ၁၀၉ ဦး တို့ လက်နက်ချခဲ့ကြသည်။

အထက်ပါကာလများအတွင်း တပ်မတော်သည် စစ်တိုင်းကြီးများအလိုက် မိမိတို့ဒေသရှိ သောင်းကျန်းသူများကို စစ်ဆင်ရေးများဖြင့် အသီးသီးရှင်းလင်း ချေမှုန်းတိုက်ခိုက်နေကြရသည်။ အသက်သွေးချွေး မြောက်မြားစွာ ပေးဆပ်ခဲ့ရသည်။

၁၉၈၈ ခုနှစ်တွင် လမ်းစဉ်ပါတီ၏ အထွေထွေအားနည်းချက်များကြောင့် ပြည်သူတို့၏ ယုံကြည်မှုလျော့နည်း လာခဲ့သည်။ အောက်ခြေပါတီအဖွဲ့များနှင့် ပြည်သူ့ ဘဝနယ်ပယ်များတွင် ပါတီ၏စည်းရုံးရေး ကျဆင်းလာခဲ့သည်။

ယင်းအခြေအနေအရပ်ရပ်၏ အကျိုးဆက်အဖြစ် ပြည်သူတို့၏ အထွေထွေမကျေနပ်မှုများ ဖြစ်ပေါ်လာသကဲ့သို့ ဆိုရှယ်လစ်နိုင်ငံများမှ ပြုပြင်ပြောင်းလဲမှု ဂယက်များကလည်း ၁၉၈၈ ခုနှစ် ဆူပူမှုကို ဖြစ်ပေါ်လာစေခဲ့သည်။ ယင်းသို့ဖြစ်ပေါ်လာရသော အခြေခံ အကြောင်းအရင်းသည် တည်ဆဲလမ်းစဉ်ပါတီအစိုးရ၏ နိုင်ငံရေး၊ စီးပွားရေး အားနည်းချက်၊ ချို့ယွင်းချက်များ အပေါ်တွင် ပြည်သူတို့၏ မကျေနပ်မှုအား နိုင်ငံရေး အရ အခွင့် အရေးယူအသုံးချခဲ့ကြသည့် ပြည်တွင်းပြည်ပ၊ မြေပေါ်မြေအောက်၊ လက်ဝဲလက်ယာအင်အားစုများမှ လှုံ့ဆော်သွေးထိုးမှုများသည် အဓိကအချက်ဖြစ်သည်။

ဆိုရလျှင် ၁၉၈၈ ခုနှစ် ဆူပူလှုပ်ရှားမှုတွင် လူအမျိုးမျိုး အဖုံဖုံ၊ အသွေးစုံ၊ အရောင်စုံများပါဝင်ခဲ့ကြသည်။ ၎င်းတွင် နိုင်ငံရေးအာဏာကို ဖြတ်လမ်းကရယူနိုင်ရန်အတွက် လူအုပ်စုဖြင့် အနိုင်ကျင့် အကျပ်ကိုင်လိုကြသော ဝဲယာနိုင်ငံရေးသမားများနှင့် ပြည်ပနယ်ချဲ့သြဇာခံများလည်း ပါဝင်လှုပ်ရှားခဲ့သည်။

ဆူပူအုံကြွမှုများသည် တည်ဆဲအစိုးရ၏ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ အမြန်ဆုံးကျင်းပရန် ပြည်သူ့လွှတ်တော်တွင် ဆုံးဖြတ်သည်ကိုလည်း လက်မခံ တော့ဘဲ ကြားဖြတ်အစိုးရအဖွဲ့ကို ဖွဲ့စည်းပေးရန် အကျပ်ကိုင်တောင်းဆိုလာခဲ့သည်။ နိုင်ငံနှင့်အဝန်း မင်းမဲ့စရိုက်များ လွှမ်းမိုးလာခဲ့သည်။ ပြည်သူတို့၏ ဘဝသည်လည်းလုံခြုံမှုမရှိတော့ပြီ။ စားဝတ်နေရေး အကျပ်အတည်းများ ဖြစ်ပေါ်လာခဲ့ပြီ။ပြည်သူတို့၏ ဘဝသည် အမိမဲ့သား၊ ရေနည်းငါးကဲ့သို့ ကိုးကွယ်ရာမရှိတော့ပြီ။ တည်ဆဲအစိုးရ၏ အာဏာသည်လည်း ရှင်သန်ခြင်းမရှိတော့ပြီ။ အစိုးရမဲ့၊ မင်းမဲ့နိုင်ငံကြီး ဖြစ်နေခဲ့ပြီ။ အခြားတစ်ဖက်တွင်လည်း ပြည်ပအင်အားကြီး နိုင်ငံတစ်နိုင်ငံမှ လေယာဉ်တင် သင်္ဘောကြီးကလည်း မြန်မာ့ရေပိုက်နက်ကို ကျူးကျော်ဝင်ရောက်လာသဖြင့် တပ်မတော်မှ အချိန်မီဟန့်တားပြီး မြန်မာ့ရေပိုင်နက်မှ ထွက်ခွာစေခဲ့ရသည်။

ယင်းအခြေအနေကို နိုင်ငံရေး၊ စစ်ရေး အရ အခွင့်ကောင်းရယူနိုင်ရန်အတွက် မြေပေါ်မြေအောက် နှစ်ဖက်ညှပ် တိုက်ခိုက်ပြီး နိုင်ငံတော် အာဏာရယူရေးကို ရှေးရှုသော စစ်ရေး၊ နိုင်ငံရေး၊ မဟာဗျူဟာမြောက် စီမံကိန်းဖြင့် ဗကပတို့သည် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၂၃ ရက်မှ ၃၀ ရက်နေ့အထိ ၈ ရက်တိုင်တိုင် မိုင်းယန်းဒေသအား မီးကုန်ယမ်းကုန် ထိုးစစ် ဆင်လာခဲ့သည်။ ဗကပတို့သည် မိုင်းယန်းဒေသအား ရရှိပါက မူဆယ်၊ နမ့်ခမ်း၊ ကြူကုတ် (ပန်ဆိုင်း)တို့ကို ဆက်လက် သိမ်းယူပြီး ရှမ်းပြည်နယ်တစ်ခုလုံးကို ပြည်ထောင်စုကြီးထဲမှ ဖဲ့ထုတ်၍ တပ်မတော်အစိုးရအား အကျပ်ကိုင်ရန် စီစဉ်ပြီး ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် ပြည်ထောင်စုမပြိုကွဲရေး၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ မဆုံးရှုံးစေရေး အတွက် ၁၉၈၈ခုနှစ် စက်တင်ဘာလ ၂၃ ရက်မှ စတင်လာခဲ့သော ဗကပတို့၏ ထိုးစစ်ကို အပြင်းအထန် တွန်းလှန်ချေမှုန်းခဲ့ရာ တိုက်ပွဲကြီး ၁၄ ကြိမ်နှင့် တိုက်ပွဲငယ်ပေါင်း ၂၃ ကြိမ်၊ အနီးကပ် လုံးစွပ် ထိုးတိုက်ပွဲ အကြိမ် ၃၀ မျှ ဆင်နွှဲခဲ့ရသည်။ ယင်းတိုက်ပွဲများအတွင်း တပ်မတော်မှ အရာရှိ ၄ ဦးအပါအဝင် ၅၁ ဦး နိုင်ငံအတွက် အသက်ပေးလှူ စွန့်လွှတ်ခဲ့ရပြီး ၁၂၄ ဦး ခြေလက်အင်္ဂါများ စွန့်လွှတ်ခဲ့ရသည်။ ဗကပ ၂၀၂ ဦး ကျဆုံးခဲ့သည်။

အလုံးစုံသော အခြေအနေများသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုကြီးပြိုကွဲမည့်အရေး၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာဆုံးရှုံးမည့်အရေး စသော အန္တရာယ်များက ခြိမ်းခြောက်လျက်ရှိနေခဲ့သည်။

သို့ဖြစ်ရာ ယင်းအန္တရာယ်သည် နိုင်ငံနှင့် လူမျိုးအတွက် အလွန်ကြီးမားသော အမျိုးသားရေး အန္တရာယ်ဖြစ်လာသဖြင့် အမျိုးသားရေး အင်အားစုကြီးအဖြစ် ကျစ်လျစ် သိပ်သည်းသော စည်းရုံးမှုနှင့် ထာဝရ အခိုင်အမာရပ်တည်နေသော တပ်မတော်သည် တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ ပြည်ထောင်စုကြီး မပြိုကွဲရေး၊ လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး ဟူသော အမျိုးသားရေးတာဝန်အရ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ရက်နေ့တွင် နိုင်ငံတော်တာဝန်ကို ပခုံးပြောင်း တာဝန်ယူလိုက်ရသည်။

တစ်နည်းအားဖြင့်ဆိုရသော် တပ်မတော်သည် မြန်မာ့လွတ်လပ်ရေး မဆုံးရှုံးစေရေးအတွက် စတုတ္ထအကြိမ် စွမ်းစွမ်းတမံ ထိန်းသိမ်းကာကွယ် စောင့်ရှောက် ခဲ့ရခြင်းပင်ဖြစ်သည်။

ဤနေရာတွင် ရှေးမင်းများလက်ထက်ကတည်းက အသက် သွေးချွေးပေါင်းများစွာ ရင်းနှီးခဲ့ရသော မြန်မာ့လွတ်လပ်ရေး ပြန်လည်ရရှိရေးအတွက် ကြိုးပမ်းမှုသမိုင်းဖြစ်စဉ်ကိုလည်းကောင်း၊ လွတ်လပ်ရေးရရှိပြီးနောက် လွတ်လပ်ရေးကြီး ပြန်လည်မဆုံးရှုံးစေရေး အတွက် ထိန်းသိမ်းကာကွယ်ရသည့် သမိုင်းစဉ်ကိုလည်းကောင်း ပြန်လေ့လာကြည့်လျှင် မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသည် ပဓာနကျသည်ကို တွေ့ရှိရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံ၏ လွတ်လပ်ရေးပြန်လည် ဆုံးရှုံးရတော့မည့် အခြေအနေများကို ဖြစ်ပေါ်စေခဲ့သည့် ၁၉၄၉-၅၀ ဖြစ်စဉ်၊ ၁၉၅၈ ခုနှစ် ဖဆပလ အစိုးရလက်ထက်ဖြစ်စဉ်၊ ၁၉၆၂ ခုနှစ် ပထစအစိုးရလက်ထက်ဖြစ်စဉ်နှင့် ၁၉၈၈ ခုနှစ် လမ်းစဉ်ပါတီ အစိုးရ လက်ထက်ဖြစ်စဉ်များတို့အပေါ် သင်ခန်းစာများ ရယူ၍ အနာဂတ်ကာလ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေး သုံးပါးကို တိုင်းရင်းသားပြည်သူများအားလုံးက ထာဝရ ဦးထိပ်ပန်ဆင်သွားကြရန် ဖြစ်ပါကြောင်း ရေးသားတင်ပြ လိုက်ရပေသည်။ ။

တပ်မတော်သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ ပြည်ထောင်စုကြီးမပြိုကွဲရေး၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော အမျိုးသားရေးတာဝန်အရ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် နိုင်ငံတော်တာဝန်ကို ပခုံးပြောင်းတာဝန်ယူလိုက်ရသည်။

တစ်နည်းအားဖြင့်ဆိုရသော် တပ်မတော်သည် မြန်မာ့ လွတ်လပ်ရေး မဆုံးရှုံးစေရေးအတွက် စတုတ္ထအကြိမ် စွမ်းစွမ်းတမံ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခဲ့ရခြင်းပင် ဖြစ်သည်။



တပ်မတော်က ဖမ်းဆီးရမိသည့် သောင်းကျန်းသူများ၏ လက်နက်များ။



## မိတ္ထီလာ အထက(၃) ရွှေရတုကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၅

မိတ္ထီလာ အထက(၃)၏ ရွှေရတုသဘင်အခမ်းအနားကို ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၃ ရက်(စနေနေ့) နံနက် ၈ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမဟောင်းများ၊ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ ရန်ကုန်မြို့မှ ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၂ ရက် နံနက်တွင် မော်တော်ယာဉ်ဖြင့်ထွက်ခွာမည်ဖြစ်၍ လိုက်ပါလိုသူများ ဦးမြင့်အောင် အမှတ် ဖ၀ (ပထမထပ်) မဟာဗန္ဓုလပန်းခြံလမ်း၌ ဒီဇင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

သားငါးပွဲ့ပြိုး ပြည်အကျိုး

# ဇာတိထက်သန် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အားမာန်

ခင်မြန်မာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုး အနွယ်ပေါင်း တစ်ရာကျော် အေးအတူပူအမျှပေါင်းစုနေထိုင်ခဲ့ပြီး လူဦးရေ သန်းပေါင်း ၅၃ သန်းကျော် ရှိပါတယ်။ ယနေ့ မြန်မာနိုင်ငံတော်၌ အမျိုးသမီးများသည် နိုင်ငံတော်လူဦးရေ၏ ထက်ဝက်ကျော်အင်အားရှိနေသည့်အားလျော်စွာ အမျိုးသမီးကဏ္ဍဆိုင်ရာ ဆောင်ရွက်ဖွယ်ရာ လုပ်ငန်းဆောင်တာများမှာလဲ ထုထည် ပမာဏ တဖြည်းဖြည်း ကြီးမားကျယ်ပြန့်လျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရ အနေဖြင့် မြန်မာအမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ ယဉ်ကျေးသိမ်မွေ့ရေး၊ မျိုးချစ်စိတ်ဓာတ်မြင့်မားရေး၊ အကျင့်စာရိတ္တကောင်းမွန်ရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၁၉၉၆ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့မှာ ဖွဲ့စည်းပေးခဲ့ပါတယ်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီသည် နိုင်ငံတော်အစိုးရ ဌာနဆိုင်ရာဝန်ထမ်းများ အများစုပါဝင်ပြီး ရေးရာကော်မတီတစ်ရပ်အနေဖြင့် ကြီးမားကျယ်ပြန့်လှသည့် မြန်မာအမျိုးသမီးထုတစ်ရပ်လုံး၏ အရေးအရာကိစ္စများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထိရောက်ကျယ်ပြန့်စွာ ပြည့်ပြည့်ဝဝ လွှမ်းခြုံဆောင်ရွက်နိုင်ရေးတွင် အကန့်အသတ်များ ရှိနေခဲ့ပါတယ်။ ဒါ့ကြောင့် မြန်မာအမျိုးသမီးများကဏ္ဍနှင့် စပ်လျဉ်း၍ ဆောင်ရွက်ဖွယ်ရာလုပ်ငန်းများ ထိရောက်ပီပြင်စွာ တိုးချဲ့ဆောင်ရွက်နိုင်ရေး၊ မြန်မာအမျိုးသမီးများအားလုံး ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်နိုင်ရေးနှင့် အမျိုးသမီးကဏ္ဍတစ်ရပ်လုံးအတွက် တာဝန်ခံဆောင်ရွက်သွားမည့် အဖွဲ့အစည်းအဖြစ် ရပ်တည်နိုင်ရေးတို့ကို ဦးတည်ထားပြီး **"မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်"** (Myanmar Women's Affairs Federation)ကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် စတင် ဖွဲ့စည်းထူထောင်ခဲ့ပါတယ်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဖွဲ့စည်းရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမျိုးသမီးရေးရာကဏ္ဍနှင့်သက်ဆိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအား တွေ့ဆုံဆွေးနွေးရာတွင် **"ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် ကမ္ဘာ့အမျိုးသမီးကဏ္ဍ လှုပ်ရှားဆောင်ရွက်မှုများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိရာ ဘေဂျင်းမြို့တွင် ကျင်းပသည့် စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံက ချမှတ်ထားသော နိုင်ငံတကာရေးရာကဏ္ဍ လမ်းညွှန်ချက်များနှင့်အညီ မိမိနိုင်ငံတော်၌လည်း မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ဖွဲ့စည်းထူထောင်ပြီး မြန်မာအမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် စီမံဆောင်ရွက်ခဲ့ကြောင်း၊ ယနေ့မြန်မာနိုင်ငံတော်၌ အမျိုးသမီးများသည် နိုင်ငံတော်လူဦးရေ၏ ထက်ဝက်ကျော် အင်အားရှိနေသည့်အားလျော်စွာ အမျိုးသမီးကဏ္ဍဆိုင်ရာ ဆောင်ရွက်ဖွယ်ရာလုပ်ငန်းများမှာ တဖြည်းဖြည်း ထုထည်ပမာဏ ကြီးမားကျယ်ပြန့် နက်ရှိုင်းလာကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီအနေဖြင့်လည်း ကြီးမားကျယ်ပြန့်လှသည့် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး၏ အရေးအရာကိစ္စများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထိရောက်ကျယ်ပြန့်စွာ ပြည့်ပြည့်ဝဝ လွှမ်းခြုံဆောင်ရွက်နိုင်ရေး အကန့်အသတ်ရှိနေခဲ့ကြောင်း၊ ထို့အပြင် အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်စောင့်ရှောက်ရေးတွင် နိုင်ငံတကာက တိုးချဲ့ဆောင်ရွက်နေသော လုပ်ငန်းများလည်း တိုးပွားလျက်ရှိနေပြီး ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆက်ဆံမှုများလည်း တိုးချဲ့ဆောင်ရွက်ရသည့်အခြေအနေများ ဖြစ်ပေါ်လာနေကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြန်မာအမျိုးသမီးကဏ္ဍ လှုပ်ရှားဆောင်ရွက်မှုများ ပိုမိုကျယ်ပြန့်စွာ တာဝန်ယူဆောင်ရွက်နိုင်ရေး ကော်မတီအသွင်မှ ပိုမိုကျယ်ပြန့်စွာ တိုးချဲ့ဖွဲ့စည်းသွားရန် လမ်းညွှန်မှုပြုခဲ့ကြောင်း၊ မြန်မာအမျိုးသမီးများသည် ရှေးအစဉ်အဆက်မှစ၍ အမျိုးသားများနှင့် တန်းတူရည်တူ အခွင့်အရေး အပြည့်အဝရရှိခဲ့သည့်အလျောက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍအသီးသီးတွင် ထူးချွန်ထက်မြက်ကြသူများဖြစ်ကြောင်း၊ ထို့အပြင် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် မြန်မာအမျိုးသမီးများသည် ဘဝလုံခြုံမှုအခွင့်အရေးများကိုလည်း ရရှိခံစားကြရကြောင်း၊ မြန်မာအမျိုးသမီး အများစုကြီးသည် ရိုးရာယဉ်ကျေးမှုနှင့် တိုင်းရင်းသားယဉ်ကျေးမှု ဓလေ့စရိုက် အစဉ်အလာများကို မြတ်နိုးလေးစားစွာ ထိန်းသိမ်းစောင့်ရှောက်ကြကြောင်း၊ သို့ရာတွင် ငယ်ရွယ်သောအမျိုးသမီးအချို့အနေဖြင့် ခေတ်ရေစီးကြောင်းတွင် မျောပြီး တိုင်းတစ်ပါးယဉ်ကျေးမှုကို အထင်ကြီး အတုယူမှုများ ရှိနေသေးရာ မြန်မာ့ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ တစ်ဆက်တည်းမှာပင် အမျိုးသမီးငယ်ရွယ်များကိုသာမက အမျိုးသားငယ်ရွယ်သူများကိုပါ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေးအတွက် ဆက်စပ်ပညာပေးစည်းရုံးမှုများ ဆောင်ရွက်ရန်လိုကြောင်း၊ အထူးသဖြင့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် ထူးထူးခြားခြားဖြစ်ထွန်းနေသည့် မြန်မာ့မိသားစုဘဝ အနှစ်သာရကို လျော့ပါးပျက်ယွင်းမှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ကြရန်လိုကြောင်း၊ မြန်မာ့မိသားစုဘဝတွင် မိဘနှင့် သားသမီး၊ အဘိုးအဘွားနှင့် မြေးမြစ်တို့အပြင် ဆွေမျိုးစုအသိုင်းအဝိုင်းပါ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်လျက်ရှိရာ အလွန်ပင် အနှစ်သာရပြည့်ဝသည့် ဖွဲ့စည်းမှုဖြစ်သဖြင့် မြန်မာ့မိသားစုဘဝ ဖွဲ့စည်းဖြစ်တည်နေမှု အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းရန်လိုကြောင်း၊ အလားတူ မိသားစုအသွင်ဖြင့် ဖြစ်တည်နေသည့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲအောင်လည်း မိသားစုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရမှာဖြစ်ကြောင်း"** စသည်ဖြင့် မှာကြားသွားတာကို မှတ်သားလိုက်ရပါတယ်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့် အသစ်ဖွဲ့စည်းလိုက်သော မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရဲ့ မွန်မြတ်မြင့်မားသည့် ရည်ရွယ်ချက်များကတော့ **"အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်၊ အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊ အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ပိုမိုမြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ်မြှင့်တင်ရေးအတွက် အမျိုးသမီးများကို လေ့ကျင့်ပျိုးထောင်ပေးရန်၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ရန်၊ အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှု လျော့နည်းပပျောက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အသွင်ဖြင့် ဆောင်ရွက်နိုင်ရန်၊ အမျိုးသမီးများ၏ အခွင့်အရေးများကို တိုင်းရင်းသားယဉ်ကျေးမှု ဓလေ့ထုံးစံနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်"**တို့ ဖြစ်ပါတယ်။ အမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် နိုင်ငံတကာအမျိုးသမီးများကဏ္ဍ လှုပ်ရှားဆောင်ရွက်မှုများနှင့် ဆက်စပ်ဆောင်ရွက်ရသည့် ကိစ္စများရှိရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ရည်ရွယ်ချက်များတွင် မြန်မာနိုင်ငံတော်အတွင်း အောင်မြင်ဖြစ်ထွန်းနေသည့် ရည်မှန်းချက်အချို့ကို နိုင်ငံတကာနှင့် ဆက်စပ်အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို စည်းမျဉ်းစည်းကမ်းကိုက်ညီသည့် ဥပဒေနှင့်ညီညွတ်သော အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်မာစွာ ဖြစ်ထွန်းလာစေရေးအတွက် အဖွဲ့ချုပ်၏ အခြေခံစည်းမျဉ်းများ၊ အခြေခံမူများကို အပြန်အလှန် ဆွေးနွေးသုံးသပ်ရေးဆွဲချမှတ်ထားပြီး ဖြစ်ပါတယ်။ အမျိုးသမီးကဏ္ဍဆိုင်ရာ ဆောင်ရွက်ဖွယ်ရာ လုပ်ငန်းဆောင်တာများကိုလည်း ထိရောက် ထက်မြက်သွက်လက်စွာ ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအမျိုးသမီးရေးရာအဖွဲ့၊ ပြည်နယ်/တိုင်း/ပြည်နယ်ခွဲ/တိုင်းခွဲ အမျိုးသမီးရေးရာအဖွဲ့၊ ခရိုင် အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ ရပ်ကွက်/ကျေးရွာအုပ်စု အမျိုးသမီးရေးရာအဖွဲ့ စသည်ဖြင့် အဆင့်ဆင့်ဖြန့်ကြက်ဖွဲ့စည်းသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အခြေခံမူ ငါးရပ်ဖြစ်သော အမျိုးသားရေးဆိုင်ရာ အခြေခံမူ၊ တိုင်းရင်းသားရေးဆိုင်ရာ အခြေခံမူ၊ ဘာသာရေးဆိုင်ရာ အခြေခံမူ၊ လူမှုရေးဆိုင်ရာအခြေခံမူနှင့် အမျိုးသမီးရေးရာ အခြေခံမူတို့ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အမျိုးသားရေးဆိုင်ရာ အခြေခံမူကတော့ ဒို့တာဝန်အရေးသုံးပါးကို အခြေခံ၍ တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာဖြင့် အမျိုးသားရေးသက်သက်ကိုသာ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တိုင်းရင်းသားရေးဆိုင်ရာ အခြေခံမူမှာ ပြည်ထောင်စု တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားမှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဘာသာရေးဆိုင်ရာ အခြေခံမူမှာ မိမိတို့ သက်ဝင်ယုံကြည်အားထားသည့် ဘာသာရေးကိုးကွယ်ဆည်းကပ်မှုကို တတ်စွမ်းသမျှ ကူညီအားပေးသွားမှာ ဖြစ်ပါတယ်။ လူမှုရေးဆိုင်ရာ အခြေခံမူမှာ ရပ်ရွာအေးချမ်းသာယာရေး၊ စားဝတ်နေရေး၊ သက်သာချောင်ချိရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသွားမှာ ဖြစ်ပါတယ်။ အမျိုးသမီးရေးရာအခြေခံမူမှာ အမျိုးသမီးများ၏ အခန်းကဏ္ဍကို တိုးမြှင့်ပေးရေးနှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်သွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရရှိရေးနှင့်ပတ်သက်လို့ကတော့ သာသနာ့ဝန်ထမ်း၊ စိတ်ပေါ့သွပ်သူ၊ နိုင်ငံရေးအသင်းအဖွဲ့အစည်း သို့မဟုတ် နိုင်ငံရေးပါတီဝင်၊ ငြိမ်ဝပ်ပိပြားမှုဆိုင်ရာ ပြစ်မှုဖြင့်ဖြစ်စေ၊ အကျင့်စာရိတ္တဆိုင်ရာ ပြစ်မှုဖြင့်ဖြစ်စေ ပြစ်မှုထင်ရှား တရားစီရင်ခြင်းခံရသူ၊ မတရားအသင်းအဖြစ် ကြေညာခြင်းခံရသည့်အသင်း၊ အဖွဲ့အစည်း သို့မဟုတ် ပါတီတွင် ပါဝင်သူ စသည် တစ်ရပ်ရပ်နှင့် ငြိစွန်းမှုမရှိလျှင် အသက် ၁၀ နှစ်ပြည့်ပြီးသည့် လူမျိုးမရွေး၊ ဘာသာမရွေး၊ ဇာတိမရွေး၊ နိုင်ငံသားအမျိုးသမီးတိုင်း အဖွဲ့ဝင်အဖြစ် လျှောက်ထားနိုင်ပါတယ်။ အဖွဲ့ဝင်၏ တာဝန်နှင့် ဝတ္တရားများကတော့ နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးကို ရှေးရှု၍ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးကို ကြိုးပမ်းခြင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းသာယာသော ခေတ်မီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးတို့အတွက် ရှေးရှု၍ ဆောင်ရွက်ခြင်း၊ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို အကူအညီပေးခြင်း၊ အမျိုးသမီးများ၏ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံရေးကို ဆောင်ရွက်ခြင်းတို့ပဲ ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်း ဒေသများအားလုံး အကြားအလပ်မရှိ မျှမျှတတ တိုးတက်ဖြစ်ထွန်းစေရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ကြီး ငါးရပ်နှင့် ဖွံ့ဖြိုးရေးအထူးဒေသကြီး(၂၄)ခု၏ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ဆက်စပ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ယင်းစီမံကိန်းများအားလုံး ဟန်ချက်ညီညီ အောင်မြင်ဖြစ်ထွန်းမှသာ ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်တဲ့အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း သုံးရပ်၏ လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေးအတွက် အမျိုးသမီးများအားလုံးကပါဝင် ပူးပေါင်းဆောင်ရွက်သွားဖို့ လိုပါတယ်။ အထူးသဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ပေါ်လာစေရေးတွင် အမျိုးသမီးများကဏ္ဍကပါ တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုပါတယ်။

သို့ဖြစ်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်မြင့်မားသော ရည်ရွယ်ချက်များ အောင်မြင်ဖြစ်ထွန်းရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးတို့အတွက် ဇာတိသွေး၊ ဇာတိမာန် ထက်သန်သော၊ မြန်မာအမျိုးသမီးများ ယဉ်ကျေးသိမ်မွေ့ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သော၊ အားမာန်ပြည့်ဝသော မြန်မာအမျိုးသမီးများ မြောက်မြားစွာ ပေါ်ထွန်းလာဖို့ လိုပါတယ်။ ဒါကြောင့် **'အမျိုးသမီးဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့'** ဆိုသည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဆောင်ပုဒ်အတိုင်း မြန်မာအမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အလံအောက်တွင် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးက စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြပါလို့ ဆန္ဒပြု တိုက်တွန်းလိုက်ရပါတယ်။ ။

## မြဝတီရုပ်မြင်သံကြား

၂၆-၁၂-၂၀၀၃
(သောကြာနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၁၅ ၄။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၃၀ ၆။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၄၀ ၇။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)တတိယနှစ်(ပထဝီဝင်) (ခ)ဒုတိယနှစ်(အင်္ဂလိပ်စာ)
- ၅:၃၀ ၁၀။ ပညာခေတ်
- ၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သီရိဂေဟာ"** (အပိုင်း-၁၉)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ Premier League ဘောလုံးပြိုင်ပွဲ Manchester United Vs Everton
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။



ဦးမြင့်ထွန်း ၁၅၃၊ ၅(က)လွှာ ဆိပ်ကမ်းသာလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့က ထုတ်ဝေသော Quality စာတည်းအဖွဲ့၏ ပျော်ရွှင်စရာ ပုံပြင်ကမ္ဘာ (၃) စာအုပ်မျက်နှာဖုံး။
(က-ပ)



# ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း မြရတနာအဆင့်မီရုပ်ရှင်ရုံဖွင့်ပွဲတက်ရောက်ချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၂၅

**ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ မြရတနာအဆင့်မီရုပ်ရှင်ရုံသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် သာကေတမြို့နယ် အမှတ်(၅)ရပ်ကွက်၊ ဇဂ်မလမ်းနှင့် မြင်တော်သာလမ်းထောင့်ရှိ အဆိုပါရုပ်ရှင်ရုံသစ်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ အနုပညာရှင်များ၊ မြရတနာရုပ်ရှင်ရုံမန်နေဂျာနှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်၊ မြရတနာအဆင့်မီရုပ်ရှင်ရုံမန်နေဂျင်းဒါရိုက်တာ ဦးကြည်လွင်နှင့် ဇနီး၊ ဒေါ်လွင်လွင်မော်တို့က မြရတနာအဆင့်မီရုပ်ရှင်ရုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် မြရတနာရုပ်ရှင်ရုံသစ်အတွင်း ခင်းကျင်းထားမှုကို ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ မြရတနာအဆင့်မီ ရုပ်ရှင်ရုံသစ်၌ ယနေ့ဖွင့်ပွဲနေ့ ပွဲစဉ်အဖြစ် "ကျားမြီးဆွဲကိုကိုနှင့် မျောက်မူးလဲမမ" ဇာတ်ကားစတင်ပြသပြီး နေ့စဉ် နံနက် ၁၁ နာရီ၊ မွန်းလွဲ ၂ နာရီ၊ ညနေ ၅ နာရီနှင့် ည ၈ နာရီဖြင့် တစ်နေ့လေးပွဲ ပြသသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

## ဇလွန်တိုက်နယ်ဆေးရုံသို့ ချွဲစုပ်စက်နှင့်အောက်ဆီဂျင်ဘူးများလှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ဧရာဝတီတိုင်း ဇလွန်မြို့နယ် ရေလဲကျေးရွာ ကိုယ့်အားကိုယ်ကိုး တိုက်နယ်ဆေးရုံတွင် အသုံးပြုရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့် လှူဒါန်းသော ချွဲစုပ်စက်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန် လှူဒါန်းသော အောက်ဆီဂျင်ဘူးကို ဆေးရုံဖြစ်မြောက်ရေးကော်မတီနာယက ရေလဲဆရာတော် ဦးကလျာဏအား ယနေ့တွင် လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အင်္ဂလိပ်စာသင်တန်းများဖွင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

လက်တွေ့ပြောဆိုနိုင်မည့် နည်းစနစ်များဖြင့် ဆရာအာသာ ဘီအေ(အင်္ဂလိပ်စာ)၊ ဒီပလိုမာ(အင်္ဂလိပ်သင်ကြားရေးဘွဲ့)နှင့် အင်္ဂလိပ်စာဘွဲ့ရ ဆရာများက ပို့ချပေးမည့် Spoken English, Intermediate Level General English Proficiency သင်တန်းများကို ဒီဇင်ဘာ ၃၀ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။

ကျောင်းသားဟောင်းများအတွက် Member Club အဖွဲ့ဝင်အဖြစ်လေ့ကျင့်ခွင့်၊ စာအုပ်များအခမဲ့ငှားရမ်းခွင့်များ ရရှိမည်ဖြစ်ရာ Success Language Academy ၄၅၇(တတိယထပ်) ကုန်သည်လမ်း (ဘိုကလေးဈေးလမ်းထောင့်)ဂမုန်းပွင့်ကုန်တိုက်ရှေ့ ဖုန်း-၂၈၅၇၂၄ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## မြန်မာ့ရုပ်မြင်သံကြား

**၂၆-၁၂-၂၀၀၃ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ အဘိဓမ္မာအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော် ကြီးဦးဥတ္တမသာရ၏ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈:၁၀ ၆။ အကပြိုင်ပွဲ
- ၈:၁၅ ၇။ ကြေးမုံရိပ်သွင်တေးနှယည်
- ၈:၂၅ ၈။ နဂါးရေလှောင်တမံ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ English for Everyday Use

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice In Reading
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၁၇:၁၅ ၆။ တေးဂီတအစီအစဉ်
- ၁၇:၃၀ ၇။ လက်ဆင့်ကမ်းပေး ဂီတတေး
- ၁၇:၄၀ ၈။ ပြည်ထောင်စုတိုင်းရင်းသာ ရီးရာတေးသံသာ
- ၁၇:၅၅ ၉။ နည်းစနစ်မှန်မှန်အားကစားအခြေခံ
- ၁၈:၀၅ ၁၀။ နှောင်းခေတ်တေးပဒေသာ
- ၁၈:၁၅ ၁၁။ Discovery
- ၁၈:၃၀ ၁၂။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၄။ Milo Success in Soccer
- ၁၉:၁၀ ၁၅။ စတုတ္ထအကြိမ်တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ (အပိုင်း-၄)
- ၁၉:၂၅ ၁၆။ တေးဂီတအစီအစဉ်
- ၁၉:၄၀ ၁၇။ အချုပ်အခြာအာဏာခွန့်ရှည်ကြာခိုင်မာစေမှုဒို့ရေးရှု "ကျေးလက်လမ်းပန်းကွန်ရက်ယှက်နွယ်မြန်မာပြည်ဝယ်"(အပိုင်း-၂)
- ၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ မြန်မာ့ဗီဒီယိုဇာတ်လမ်း **"ဓား"** (အပိုင်း-၁) (ကျော်သူ၊ နေထက်လင်း၊ မေသန်းနု) (ဒါရိုက်တာ-ခင်စောမျိုး)

## MRA အင်္ဂလိပ်စာသင်တန်းများဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

MRA (Myanmar Royal Academy) အင်္ဂလိပ်စာစင်တာတွင် ဒေါက်တာ မြင့်လှိုင် သင်ကြားသည့် Intermediate Levelအင်္ဂလိပ်သဒ္ဒါ၊ စကားပြော၊ အရေးအဖတ် General English သင်တန်းများ၊ G.C.E-English နှင့် Medical English သင်တန်းများ အပြင် အင်္ဂလိပ်စာ တစ်လသင်တန်းများနှင့် အလုပ်လုပ်ရင်း ပညာသင်မည့်သူများအတွက် အင်္ဂလိပ်စာ သုံးလနှင့် ခြောက်လ သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ယခုလကုန်တွင် English in Business Studies(Accounting, Financ Marketing, Management and Writing for Business) နှင့် TOEFL အင်္ဂလိပ်စာ သင်တန်းများအပြင် တရုတ်ဘာသာ စကားသင်တန်းများကိုပါ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ရာ သင်တန်းကျောင်းတည်ရှိရာ ရန်ကုန်မြို့ လမ်းမတော် ၉လမ်း(အလယ်)၊ အမှတ်(၅၇) မြေညီထပ် ဖုန်း-၂၂၂၁၂၁ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

**ဒီဇင်ဘာ ၁၃ ရက်က ပန်းဘဲတန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နီနီစိုးနှင့် အမှုဆောင်များက မြို့နယ်အတွင်းရှိ ကျောင်းများက ချို့တဲ့ ကျောင်းသားကျောင်းသူများကို ထောက်ပံ့ကြေးပေးအပ်စဉ်။**

**(မြန်မာ့အလင်း)**



## ပညာရေးစုံညီပွဲတော်ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဝန်ကြီးဦးသန်းအောင်လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၅

**၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်သည် ပညာရေးစုံညီပွဲတော် ကျင်းပရေးလုပ်ငန်းကော်မတီ(၁)ဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်း၊ ပညာရေးစုံညီပွဲတော်ကျင်းပရေးလုပ်ငန်းကော်မတီ(၂) ဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ ပညာရေးစုံညီ ပွဲတော်ကျင်းပရေးဦးစီးကော်မတီဝင်များ ဖြစ်ကြသည့် ပညာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများနှင့်အဖွဲ့များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမသို့ရောက်ရှိပြီး ပညာရေးဝန်ကြီးဌာန ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး နှင့်အဖွဲ့သည် စိန်ရတုခန်းမ ဒုတိယထပ်၌ ပြသမည့် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌသို့ ဂါရဝပြုပေးအပ်သည့် အခြေခံပညာ ကျောင်းသားကျောင်းသူများ၏ လက်မှုအနုပညာပစ္စည်းများပြသထားသော ပြခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် စိန်ရတုခန်းမ တတိယထပ်၌ ပြသမည့် Harnessing ICT through Education ပြခန်းကိုကြည့်ရှုရာ အခြေခံပညာကျောင်းသားကျောင်းသူများ၏ Power Point ဖြင့်ရှင်းလင်းတင်ပြမှုကိုလည်းကောင်း၊ ကွန်ပျူတာ စွမ်းရည်ပြတင်ဆက်မှုကို လည်းကောင်း ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မြေညီထပ်၌ ပြသမည့် ပညာရေးဖွံ့ဖြိုးမှုပြခန်း၊ အခြေခံပညာ ဦးစီးဌာနများ၏ လက်မှုပညာပြခန်းများနှင့် ရန်ကုန်မြို့ရှိ တက္ကသိုလ်များ၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ကျောင်းသားကုန်တိုက်နှင့် ပုဂ္ဂလိကစာအုပ်ဆိုင်များ၊ ပါဝင်ပြသမည့် ပညာရေးစာအုပ်ပွဲတော်ပြခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဗုဒ္ဓရုပ်တုပုံတော်များ ဝက်ပါပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ရုပ်ဆိုင်ကျေးရွာ ရတနာမဋ္ဌ ဘုန်းတော်ကြီးသင် ပညာရေးအလယ်တန်းကျောင်းတိုက်၏ ဦးစီးပဓာန တိုင်းသံဃနာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမဋ္ဌူသရ အရှင်သူမြတ်၏ သြဝါဒဖြင့် ကျင်းပပြုလုပ်လျက်ရှိသော သံဃာမဟာ ပရိဝါသ်ပွဲ၏ သံဃာတော်များအဘ္ဘာန ကံဆောင်ပွဲနှင့် အလိုအလျောက် ပွင့်ထွန်းပေါ်တော်မူလာသော နှစ်ပေါင်း ၅၀၀ ခန့်က ရှေးဟောင်းယဉ်ကျေးမှု အနုပညာလက်ရာဖြစ်သော ဗုဒ္ဓရုပ်ထုပုံတော်များအား ဝက်ပါပူဇော်ပွဲ ကို ပြာသိုလပြည့် ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၆ရက်(အင်္ဂါနေ့)တွင် ပြုလုပ်မည်ဖြစ်ရာ ကြွရောက်ကြည်ညို ပူဇော်လှူဒါန်းကြမည့် ဓမ္မမိတ်ဆွေ ဒါယကာ ဒါယိကာမအပေါင်းတို့သည် တိုင်းသံဃနာယကဆရာတော် ဘဒ္ဒန္တမဋ္ဌူသရနှင့် ဦးတင်ဝင်း (ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဥက္ကဋ္ဌ) ဖုန်း-၀၄၅-၄၀၇၁၉ ထံသို့ ဆက်သွယ် လှူဒါန်းကြည်ညိုပူဇော်နိုင်ကြောင်းသိရသည်။ **(က-ပ)**

## အာဆီယံစီးပွားရေးဆိုင်ရာသဘောတူစာချုပ်များ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီပထမအကြိမ်ညှိနှိုင်းစည်းဝေး

**ရန်ကုန် ဒီဇင်ဘာ ၂၅**

အာဆီယံစီးပွားရေးဆိုင်ရာ သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပဉ္စမထပ်ရှိ ဆွေးနွေးပွဲခန်းမ၌ကျင်းပရာ အာဆီယံစီးပွားရေးဆိုင်ရာ သဘောတူ စာချုပ်များအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

**တက်ရောက်**

ညှိနှိုင်းအစည်းအဝေးသို့ အာဆီယံစီးပွားရေးဆိုင်ရာ သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ လုပ်ငန်းကော်မတီဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ လုပ်ငန်းကော်မတီဝင်များဖြစ်ကြသော ဝန်ကြီးဌာန အသီးသီးမှ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊မြန်မာနိုင်ငံဗဟိုဘဏ် ဥက္ကဋ္ဌ၊ အီလက်ထရွန်းနစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ၊ ဖိတ်ကြားထားသော ဦးစီးဌာနများ၊ ရောင်းဝယ်ရေးနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရှင်းလင်းဆွေးနွေး**

ရှေးဦးစွာ အာဆီယံစီးပွားရေးဆိုင်ရာ သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက လုပ်ငန်းကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်များနှင့်ပတ်သက်၍ အဖွင့် အမှာစကားပြောကြားပြီး ဦးစားပေးကဏ္ဍ(Priority Sector) (၁၁) ခုကိစ္စနှင့် မြန်မာနိုင်ငံက တာဝန်ယူညှိနှိုင်းရမည့် လယ်ယာကဏ္ဍ၊ ငါးလုပ်ငန်းကဏ္ဍများနှင့်ပတ်သက်၍ လုပ်ငန်းကော်မတီဝင် နိုင်ငံခြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဦးမောင်မောင်ရီက လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍ(AFAS)နှင့်စပ်လျဉ်း၍ကန့်သတ်ချက်များ လျှော့ချပေးရန် ကိစ္စကို လုပ်ငန်းကော်မတီအတွင်းရေးမှူး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူက လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများက အာဆီယံ-တရုတ်၊ အာဆီယံ-ဂျပန်နှင့် အာဆီယံ-အိန္ဒိယတို့ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ၊ ဆပ်ကော်မတီများဖွဲ့စည်းရေး၊ ဗဟိုဆက်သွယ်ရေးဌာနများမှ တင်ပြရန်ရှိသည့် ကိစ္စများနှင့် ပတ်သက်၍ အက်(ဖ်)တာကို အကောင်အထည်ဖော်ရန်အတွက် စက်(CEPT)စည်းမျဉ်းဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကော်မတီကိစ္စ၊ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုကော်မတီကိစ္စ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပူးပေါင်းဆောင်ရွက်မှု ကော်မတီကိစ္စ၊ စက်မှု ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့၊ အသေးစားနှင့်အလတ်စား လုပ်ငန်းများ၊ အာဆီယံစံချိန်စံညွှန်းနှင့်အရည်အသွေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ကော်မတီကိစ္စ၊ လယ်ယာ၊ သားငါး၊ သစ်တောကိစ္စ၊ ခရီးသွားလုပ်ငန်း၊ ပို့ဆောင်ရေး၊ သတင်းဆက်သွယ်ရေးနှင့် အီး-အာဆီယံကိစ္စ၊စွမ်းအင်ကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**"တိုင်းရင်းဆေးပြပွဲကြီးသည် တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများ၊ သုံးစွဲသူပြည်သူပြည်သားများအတွက် နှစ်ဦးနှစ်ဖက်အကျိုးရှိ"**
ဦးထွန်းရွှေ
(ထွန်းရွှေဝါဆေးပြခန်း)



**"ဆီးပုပ်၊ ဝမ်းပုပ်များ သန့်စင်ပြီး အပူနာရောဂါများကို ပျောက်ကင်းစေသည့် ဓာတ်ကြီးလေးပါး ညီမျှတဲ့ဆေးကို ထုတ်လုပ်ထားပါတယ်"**
ဒေါ်လှမော်ဝင်း
(သိဒ္ဓိအောင်)




## ❐ အစွမ်းထက်မှ

သဘာဝ တိုင်းရင်းဆေးများကို သုံးစွဲမှု ကျယ်ပြန့်စွာ အသုံးပြုနိုင်ရန် ရည်ရွယ်၍ မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲကို ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ဆက်လက် ခင်းကျင်းပြသလျက်ရှိရာ မြန်မာ့အလင်းက သွားရောက်မေးမြန်းခဲ့သည်။

ရွှေဦးစွာ ဆူးပန်း တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးမှ ဦးရန်နောင်ထွဋ်က ရှင်းပြရာတွင် နှလုံးနှင့် ပတ်သက်သည့် နှလုံးငြိမ်သွေးအားကောင်းဆေး၊ ငှရွှေဝါ ဆီး၊ ဝမ်း၊ သွေး၊ လေညှိ အကြောပြေဆေးနှင့် နွယ်ခါး ဆီးချိုသွေးချိုကျဆေးများကို ထုတ်လုပ်လျက်ရှိပြီး အမှတ်(၁၆) ၄လွှာ၊ ၁၄၆ လမ်း၊ တာမွေမြို့နယ်မှ မြန်မာတစ်ပြည်လုံးသို့ ဖြန့်ဖြူးနေကြောင်း ပြောကြားသည်။

ထို့နောက်ဝိဇ္ဇာမျက်လုံးဆေးတိုက်မှ ဒေါ်လှလှယဉ်က ပြောကြားရာတွင် ၎င်း၏ ဆေးတိုက်မှ ဝိဇ္ဇာမျက်လုံးစားဆေး၊ မျက်ကွင်းဆေး၊ ရှုဆေး၊ မျက်စဉ်းဆေး၊ ဉာဏ်ကြီးရှင် (အစာကြေဆေး)၊ ရာကျော် (သွေးအားကောင်းဆေး)၊ဆင်တုံးမနွယ်(အကြောပြေလိမ်းဆေး)တို့ကို ပြည်သူများအတွက် စနစ်တကျ ထုတ်လုပ်ထားကြောင်း၊ ဆေးဝါးများကို ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဓမ္မစေတီလမ်းအနီး၊ ဗဟန်းမြို့နယ်မှ ရောင်းချပေးနေကြောင်း ပြောကြားသည်။

တစ်ဖန် ဆရာဦးစိန်ခိုဆေးတိုက်မှ ဒေါ်ယဉ်ဝေလွင်အား မေးမြန်းရာ ၎င်း၏ ဆေးတိုက်မှ အစာမစားသော ကလေးများအတွက် အစာကြေအားတိုးဆေး၊ လေထိုးလေအောင့်ဖြစ်နေသော ကလေးများအတွက် လေပြေင်ချအားတိုးဆေး၊ ချောင်းဆိုး၊ ရင်ကျပ် ကလေးများအတွက်ချွဲပျောက်လိမ်းဆေး၊ အအေးမိ ဖျားနာ ကလေးများအတွက် ချောင်းဆိုး ရင်ကျပ်ကိုယ်ပူပျောက်ဆေး၊ အညှော်မိကလေးများအတွက် ညှော်ခံထိပ်အုပ်သူငယ်နာဆေး၊ လေပုပ်ထုတ်ဆေးတို့ကို အမှတ် ၄၄၇၊ ပွဲစားလမ်း၊ ပြည်မြို့မှ မြန်မာပြည်တစ်ဝန်း ဖြန့်ဖြူးရောင်းချပေးနေကြောင်း ပြောကြားသည်။

ဆက်လက်၍ သိဒ္ဓိအောင်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းမှ ဒေါ်လှမော်ဝင်းအား မေးမြန်းရာ ဆီးပုပ်၊ ဝမ်းပုပ်များ သန့်စင်ပြီး အပူနာရောဂါများကို ပျောက်ကင်းစေသည့် ဓာတ်ကြီးလေးပါး ညီမျှဆေး၊ ဖျားနာရောဂါများ ပျောက်ကင်းသည့် နရသုခ သွေးဆေး၊ အစာမကြေ ရင်ပြည့် ရင်ကယ်ပျောက် လေစုန်သွေးဆေး လျက်ဆားတို့ကို အမှတ် ၈၁၊ ၁၂၅ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်မှ ပင်ရင်းပြု၍ အမြို့မြို့ မြန်မာ့ဆေးဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း ပြောကြားသည်။

ထိုမှတစ်ဆင့် ရွှေမန်းတောင်ဆေးတိုက်မှ ဦးခင်မောင်ဝင်းနှင့် တွေ့ဆုံရာ ၎င်းက ရွှေမန်းတောင် ဆေးတိုက်ကို ၁၉၃၃ခုနှစ်က တည်ထောင်ခဲ့ကြောင်း၊ "အသက်ရှည်စေလို ရွှေမန်းတောင် ရိပ်ကိုခို" ဆိုသည့် စကားအတိုင်း အသက်ရှည်ဆေးများကို ထုတ်လုပ်နေကြောင်း၊ ၎င်းတို့မှာ အအေးမိ၊ တုတ်ကွေးဖျားများအတွက် ချွေးထုတ်



**"နှလုံးနှင့် ပတ်သက်သည့် နှလုံးငြိမ် သွေးအားကောင်းဆေးကို ထုတ်လုပ်ထားပါတယ်"**
ဦးရန်နောင်ထွဋ်
(ဆူးပန်း)



**"ဆင်တုံးမနွယ် (အကြောပြေလိမ်းဆေး)ကို ပြည်သူများအတွက် စနစ်တကျ ထုတ်လုပ်ထားပါတယ်"**
ဒေါ်လှလှယဉ်
(ဝိဇ္ဇာမျက်လုံး)

ငန်းဆေး၊ အမူးအမော်၊ အိပ်မပျော်၊ စားမဝင်ခြင်းများအတွက် ပန်းပေါင်းစုံ သွေးဆေး၊ အပူဖျား၊ မီးယပ်လွန်၊ သွေးဆုံးရောဂါများ ပျောက်သည့် ဒေါ်ကြွယ်သွေးဆေး၊ အစာအိမ်ချဉ်ပေါက်၊ လေထိုး၊ လေအောင့်၊ ချောင်းဆိုး၊ ရင်ကျပ်ပျောက်သည့် အစာကြေ အားဆေးတို့ကို မြန်မာပြည်အနှံ့ ရောင်းချပေးနေကြောင်း ပြောကြားသည်။

ဤသို့ တိုင်းရင်းဆေးဝါး ထုတ်လုပ်သည့် ကုမ္ပဏီများ အများအပြား မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲကို ပါဝင်ခင်းကျင်း ပြသကြခြင်းဖြင့် တိုင်းရင်းဆေးများ၏ အာနိသင်များကို ပြည်သူတို့ ပိုမိုသိရှိလာကြကာ အစွမ်းထက်လှသည့် မြန်မာ့တိုင်းရင်းဆေးဝါးများကို အိမ်တိုင်းမှာထား၍ သုံးစွဲလာကြမည်ဟု ယုံကြည်မိပါသည်။ ။ **(မြန်မာ့အလင်း)**

### ဝယ်ယူသူများဖြင့်စည်ကား

**ဒီဇင်ဘာ ၂၅ ရက်က ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသလျက်ရှိသော စတုတ္ထအကြိမ် မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲတွင် ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းမှ ဂရိတ်ဝေါ ဒဏ်ကြေလိမ်းဆေး၊ မြဟသ်ာအားတိုးဆေး၊ မြဇကရီအမျိုးသမီး သွေးသန့်ဆေး၊ ရှမ်းရိုးမအကြောပြေလိမ်းဆေး၊ သီရိမေမီးယပ်ရောဂါပျောက်ဆေးများကို အထူးဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိရာ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိစဉ်။ (က-ပ)**



**"အစာမစားသော ကလေးများအတွက် အစာကြေအားတိုးဆေးကို မြန်မာတစ်ပြည်လုံးအတွက် ဖြန့်ဖြူးထုတ်လုပ်နေပါတယ်"**
ဒေါ်ယဉ်ဝေလွင်
(ဦးစိန်ခိုဆေးဝါးထုတ်လုပ်ရေး)



**"အသက်ရှည်စေလို ရွှေမန်းတောင်ရိပ်ခို ဆိုတဲ့ စကားအတိုင်း အသက်ရှည်ဆေးများကို ထုတ်လုပ်နေပါတယ်"**
ဦးခင်မောင်ဝင်း
(ရွှေမန်းတောင်)

# နေကမွေးတဲ့လ ဇာတ်ကား ရုံသုံးရုံအပြိုင်ဝင်ပြသဆဲ မြန်မာဇာတ်ကားများ ဆက်လက်ပြသ

**ရုပ်ရှင်သတင်းထောက်**

ရန်ကုန် ဒီဇင်ဘာ ၂၅

**ယခုသောကြာပတ်တွင် မေတ္တာရောင်ပြန် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာမောင်တင်ဦးရိုက်ကူးပြီး အကယ်ဒမီကျော်ဟိန်း၊ အကယ်ဒမီ မင်းမော်ကွန်း၊ တင့်တင့်ထွန်း၊ အိန္ဒြာကျော်ဇင်တို့ ပါဝင်သရုပ်ဆောင်ထားသည့် 'နေကမွေးတဲ့လ'ဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများတွင် အပြိုင်ဝင်လာသည်။**

**'နေကမွေးတဲ့လ'** ဇာတ်ကားသည် ဖခင်မေတ္တာကြီးမားပုံကို ဒါရိုက်တာ မောင်တင်ဦးက ပီပီပြင်ပြင် ရိုက်ကူးတင်ပြထားသော ဇာတ်ကားတစ်ကား ဖြစ်သည်။

အရက်အလွန်ကြိုက်ပြီး ကျပန်းအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသည့် ချက်ကြီး။ မန္တလေးမြို့ဝန်းကျင် ညဘုရားပွဲဈေးများမှာ ဖြစ်သလို အိပ်တတ်သည့် ချက်ကြီး။

တစ်နေ့ မမျှော်လင့်ဘဲ ချက်ကြီးတစ်ယောက် ကလေးတစ်ယောက် ကောက်ယူ မွေးစားရပြီဆိုကတည်းက ကလေးအပေါ်ထားရှိသည့် ဖခင်တစ်ယောက်၏ မေတ္တာစိတ်နှင့်အချိန်တန် အိမ်ပြန်အိပ်လာသည်အထိ ဖြစ်လာခဲ့သည်။ ကလေး ကျောင်းနေအရွယ်ရောက်တော့လည်း ကျော်ကျော်လို့ နာမည်ပေး၊ ကျောင်းထား၊ ကျောင်းမှာ ကျော်ကျော်လေး မျက်နှာငယ်မှာစိုးပြီး မိမိနှစ်သက်စွဲလမ်းခဲ့တဲ့ အရက်ကိုပင် သားအတွက် ဖြတ်ပစ်ခဲ့သည့် ချက်ကြီး။

အရွယ်ရောက်တော့လည်း သူငယ်ချင်း တစ်ယောက်ရဲ့ ဂစ်တာသင်တန်းပို့ပြီး ဂစ်တာတီး သင်စေခဲ့တယ်။ သားဖြစ်သူ၏ ဝါသနာနှင့် ကြိုးစားအားထုတ်မှုကြောင့် အောင်မြင်လာတဲ့အခါမှာ ရန်ကုန်မှာသွားပြီး တေးစီးရီးထုတ်ဖို့ ခွင့်တောင်းတယ်။ အဖေတစ်ခု၊ သားတစ်ခုမို့ သားကိုချစ်တဲ့စိတ်နှင့် မလွှတ်ချင်သော်လည်း သားလေးရဲ့ အနာဂတ် ကောင်းစားရေးဆိုတဲ့အသိနှင့် မိမိချစ်စိတ်ကို မျိုသိပ်ပြီး သားကိုခွင့်ပြုခဲ့တဲ့ ဦးချက်ကြီး။

သားဖြစ်သူ ကျော်ကျော်တစ်ယောက် ရန်ကုန်မှာ နိုင်ငံကျော်အဆိုတော်အဖြစ် လျှမ်းလျှမ်းတောက် အောင်မြင်နေတဲ့သတင်း ကြားရပြန်တော့လည်း သားကို သတိရ၊ လွမ်းရတဲ့စိတ်တွေကို သား၏ အောင်မြင်မှုသီးချင်းသံလေးတွေနှင့် ဖြေသိမ့်ခဲ့တဲ့ ဦးချက်ကြီး။

နောက်ဆုံး သားကိုတွေ့ချင်တဲ့စိတ်၊ အရင်အရက်သောက်စဉ်က ဆိုးပေတေခဲ့တဲ့ဒဏ်တွေနဲ့ အိပ်ရာထဲလဲတဲ့အထိ သားကလေးသိရင် သား၏အောင်မြင်မှုနှင့် ဂုဏ်သိက္ခာကို ထိခိုက်မှာစိုးလို့ ကြိတ်မှိတ်ခံစားရပုံများကို ဒါရိုက်တာ မောင်တင်ဦးက ဖခင်မေတ္တာကို ဇာတ်အိမ်ခိုင်ခိုင်ခံ့ခံ့၊ ထိထိမိမိဖြင့် ရိုက်ကူးတင်ဆက်ထားသော ဘဝသင်ခန်းစာပေး ဇာတ်ကားတစ်ကားဖြစ်သည်။

ရွှေဆောင်၊ နေပြည်တော်နှင့် နဝဒေးရုပ်ရှင်ရုံများတွင် ဒါရိုက်တာ ဝါဝါဝင်းရွှေရိုက်ကူးပြီး လူမင်း၊ ဝါဇင်၊ အကယ်ဒမီ ညွန့်ဝင်း၊ အကယ်ဒမီ ဝါဝါဝင်းရွှေ၊ အကယ်ဒမီထက်ထက်မိုးဦး၊ အကယ်ဒမီစိုးမြတ်နန္ဒာ၊ ရတနာခင်တို့ ပါဝင် သရုပ်ဆောင်ထားသော **'ညွှန်းစာဖွဲ့လို့မမီ'** ဇာတ်ကားရုံဝင်လာသည်။

ဘုရင်အဆင့်မြင့်ရုပ်ရှင်ရုံတွင် Dum ဇာတ်ကားပြသနေပြီး တန်းမြင့်မြို့မရုံတွင် Officer ဇာတ်ကားပြသနေသည်။ ရွှေဂုန်အဆင့်မြင့်ရုံတွင် Kaho Naa Pyaar Hai ဇာတ်ကား ပြသနေသည်။ ။ **(မြန်မာ့အလင်း)**



**'နေကမွေးတဲ့လ' ဇာတ်ကားမှ ကျော်ဟိန်း။**



**'အိပ်မက်နတ်သမီး'ဇာတ်ကားမှ ဒွေး၊ အိန္ဒြာကျော်ဇင်။**

## အိပ်မက်နတ်သမီး ဇာတ်ကား မကြာမီရုံဝင်လာမည်

**မိုးကောင်းကင်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိမ်းထွဋ်ရိုက်ကူးပြီး ဒွေး၊ အိန္ဒြာကျော်ဇင်၊ ထွန်းအိန္ဒြာဗိုတို့ ပါဝင်သရုပ်ဆောင်ထားသော'အိပ်မက်နတ်သမီး' ဇာတ်ကား မကြာမီ ရုံဝင်လာမည် ဖြစ်သည်။ ကြင်နာမှုမရှိသော မိထွေး၏ ချုပ်ချယ်မှုအောက်မှာ ကြီးပြင်းလာသည့် လူငယ်လေးနှင့် စည်းစနစ်ကြီးပြီး စီးပွားရေးကြီးပွားရေးသာ ဦးစားပေးလိုသူ မိန်းကလေးတို့ အသွင်မတူသူနှစ်ဦး ပေါင်းစည်းမိသောအခါ အိမ်ထောင်ရေး အဆင်မပြေပုံများကို သင်ခန်းစာပေးရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။** (မြန်မာ့အလင်း)

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်

## အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ တိုးတက်ဖြစ်ထွန်းလာသည့် လူသုံးကုန် စက်ရုံများ

### (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို

အမှတ်(၁)စက်မှုဝန်ကြီးဌာနသည် ပြည်သူလူထုစားဝတ်နေရေး အတွက် နေ့စဉ်အသုံးပြုနေရသည့် လူသုံးကုန်ပစ္စည်းများဖြစ်သော အထည်အလိပ်များ၊ စားသောက်ကုန်များ၊ ဆေးဝါးပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများနှင့် အခြားကုန်ပစ္စည်းများကို ထုတ်လုပ်ပေး လျက်ရှိသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာနက ကုန်ပစ္စည်းများထုတ်လုပ်ပေး လျက်ရှိသည့် စက်ရုံများစာရင်းမှာ ဖော်ပြပါအတိုင်းဖြစ်သည်။

**၁၉၈၈ ခုနှစ်မှ ၂၀၀၃ ခုနှစ်ထိ တိုးချဲ့တည်ဆောက်ခဲ့သော ပြည်သူတို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနေသည့်စက်ရုံများ**

| စဉ် | စက်မှုလုပ်ငန်းများ | စုစုပေါင်းစက်ရုံ |
|---|---|---|
| ၁။ | အထည် | ၃၃ |
| ၂။ | စားကုန် | ၄၃ |
| ၃။ | ဆေးဝါး | ၁၈ |
| ၄။ | ကြွေ/မြေ | ၂၃ |
| ၅။ | ထွေ/ထိန်း | ၂၈ |
| ၆။ | စက္ကူ | ၉ |
| ၇။ | ဆောင်ရွက်ဆဲ စီမံကိန်း | ၂၃ |
| ၈။ | ဆက်လက်ဆောင်ရွက်မည့် စီမံကိန်း | ၅၃ |
| | စုစုပေါင်း | ၂၃၀ |



မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ကျောက်ဆည် စက်မှုနယ်မြေ၌ အမှတ် (၁) စက်မှုဝန်ကြီးဌာနက ၂၀၀၂ ခုနှစ်တွင် တည်ဆောက် အကောင်အထည်ဖော်ခဲ့သော တန် ၅၀၀ ကျ ဘိလပ်မြေစက်ရုံကြီးကို တွေ့ရစဉ်။



အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်လိပ်လုပ်ငန်း၏ ရွှေတောင်မြို့အထည်အချောကိုင် စက်ရုံစီမံကိန်း၏ လုပ်ငန်းခွင်ကို တွေ့ရစဉ်။

### ဆေးဝါးပစ္စည်းထုတ်လုပ်ရေးစက်ရုံ

တိုင်းရင်းသား ပြည်သူများအားလုံးအတွက် ကျန်းမာရေး ဆိုင်ရာလိုအပ်သည့် ဆေးဝါးများကို နိုင်ငံတကာအဆင့်မီ ထုတ်လုပ်ပေးလျက်ရှိသော ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံဆေးဝါး ပစ္စည်းထုတ်လုပ်ရေးစက်ရုံ။



# ခရစ္စမတ်အပြီး နှစ်ပွဲဆက်ဆွဲရမည့် ပရီမီယာရှစ်

**ဟိန်းသန့်**

အင်္ဂလန် ပရီမီယာရှစ်ပြိုင်ပွဲမှာ နှစ်ကုန်ခါနီး၌ ပို၍ စိတ်ဝင်စားစရာ ကောင်းလာခဲ့သည်။ အာဆင်နယ်၊ ချယ်လ်ဆီး၊ မန်ယူတို့ ထိပ်ဆုံးနေရာကို အပြိုင်လုနေကြသည်။ ပွဲစဉ်(၁၇)ပြီးနောက် မန်ယူတို့ ပရီမီယာရှစ်ကို ဦးဆောင်ခွင့်ရသွားသည်။ အာဆင်နယ်၊ ချယ်လ်ဆီးတို့ မန်ယူထက် တစ်မှတ်သာ လျော့နည်းပြီး ဒုတိယနှင့် တတိယနေရာများတွင် အမှတ်တူဖြင့် အသီးသီး ရပ်တည်နေကြရာ ထိုသုံးသင်း၏ယှဉ်ပြိုင်မှုမှာ ခရစ္စမတ်အပြီး နှစ်အကူးကာလ၌ ပိုမိုပြီး အကြိတ်အနယ်ရှိလာနိုင်သည်။

ပရီမီယာရှစ် ပွဲစဉ်(၁၈)နှင့်(၁၉)ကိုလည်း ခရစ္စမတ်အပြီး၌ နှစ်ပွဲဆက်တိုက် ကစားစေမည်ဖြစ်ရာ မန်ယူ၊ အာဆင်နယ်နှင့် ချယ်လ်ဆီးတို့ နှစ်သစ်ကို ပရီမီယာရှစ်အား ဦးဆောင်ပြီး ဖြတ်သန်းနိုင်ရန်အတွက် အမှားအယွင်း အတိမ်းအစောင်းမရှိအောင် ကစားကြရတော့မည် ဖြစ်သည်။ ပွဲစဉ်(၁၈)နှင့် (၁၉)မှာလည်း တစ်ရက်သာခြား ကစားကြရမည်ဖြစ်ရာ အာရုံအပြည့်၊ ကြံ့ခိုင်မှုအပြည့်ရှိသည့် အသင်းများသာ မျက်နှာပန်းလှနိုင်ကြမည်ဖြစ်သည်။

## ပွဲစဉ်(၁၈) ၂၆-၁၂-၂၀၀၂

**အာဆင်နယ်-ဝုလ်ဖ်**

ထိပ်ဆုံးနေရာအတွက် ယှဉ်ပြိုင်ရမည့် အာဆင်နယ် အလျှော့ပေးမည် မဟုတ်၊ ယခုတစ်လော ခံစစ်အားနည်းနေသည့် ဝုလ်ဖ်ကို ပြတ်ပြတ်သားသား အနိုင်ကစား ထားလိမ့်မည်။ ထိုနှစ်သင်းလိဂ်ဖလား စတုတ္ထအဆင့်တုန်းက ဆုံခဲ့စဉ်ကလည်း ဟိုက်ဘာရီတွင် အာဆင်နယ်က ငါးဂိုး-တစ်ဂိုးဖြင့် ပြတ်ပြတ်သားသား အနိုင်ရခဲ့ဖူးသည်။ ထို့ကြောင့် အဝေးကွင်း၌ နိုင်ပွဲမရှိဘဲ နှစ်ပွဲသရေ၊ ခုနစ်ပွဲရှုံးထားသည့် ဝုလ်ဖ်တို့အတွက် အာဆင်နယ်ကို ဂိုးပြတ်မရှုံးခဲ့လျှင် ကျေနပ်နေကြလိမ့်မည်ဟု ယူဆသည်။

**ဘာမင်ဂမ်-မန်စီးတီး**

နှစ်သင်းစလုံး၏ ခြေက အကျဘက်သို့ ပြနေတာချင်း တူကြသည်။ သို့ရာတွင် ဘာမင်ဂမ်က ခံစစ်အားပိုကောင်းပြီး မန်စီးတီး၏ တိုက်စစ်အားက ကျနေသည်။ ထို့အပြင် မန်စီးတီးကလည်း နောက်ဆုံးခြောက်ပွဲ၌ နိုင်ပွဲတစ်ပွဲမျှ မရသည့်အပြင် သွင်းဂိုးကလည်း နှစ်ဂိုးသာရှိသည်။

ထိုခြေဖြင့် ဘာမင်ဂမ်ကွင်း၌ အိမ်ရှင်ကို ယှဉ်ပြိုင်နိုင်ရန် မလွယ်သော်လည်း ပြီးခဲ့သည့် သုံးရာသီအတွင်း ရလဒ်များအရမူ မန်စီးတီးက ဘာမင်ဂမ်ကို အဝေးကွင်း၌ သုံးကြိမ်စလုံး အနိုင်ရထားသည့်အစဉ်အလာက ရှိနေပြန်သည်။ ထို့ကြောင့် ယခုပွဲကို သရေပွဲမျှသာ ခန့်မှန်းထားလျှင် သင့်မည်ထင်သည်။

**ဘလက်ဘန်း-မစ်ဒယ်ဘရော့**

ဘလက်ဘန်း ခြေအတော်ပျက်နေရာ နည်းပြ ဆောင်းနက်စ်ပင် စိတ်ပျက်နေသည်။ မစ်ဒယ်ဘရော့က ခြေမှန်သော်လည်း တိုက်စစ် အားနည်းနေပြန်ရာ ဘလက်ဘန်းတို့ အမှတ်လိုချင်နေသည့် အချိန်မျိုး၌ အဝေးကွင်းတွင် အနိုင်ရရေးမှာ ခက်ခဲသွားနိုင်သည်။ သရေပွဲဖြစ်သွားနိုင်သည်။

**ချာလ်တန်-ချယ်လ်ဆီး**

ချာလ်တန်ခြေပြန်ကျသွားသည်။ သို့သော် စုစည်းမှုကောင်းပြီး ကစားအား ကောင်းရာ ချယ်လ်ဆီးအတွက် ပြိုင်ဘက်ကောင်း ဖြစ်လာနိုင်သည်။ ချယ်လ်ဆီးကလည်း တကယ်တမ်း မန်ယူ၊ အာဆင်နယ်တို့နှင့် အပြိုင်ဖြစ်ချိန်၌ ခြေကျသွားသလို ရှိသည်။ တိုက်စစ်အားကျသွားပြီး နောက်ပိုင်းပွဲများ၌ တစ်ပွဲ တစ်ဂိုးထက် ပိုမသွင်းနိုင်တော့။ ထို့ကြောင့် ချယ်လ်ဆီးအသင်းအနေဖြင့် တိုက်စစ်အား ပိုထက်မြက်ဖို့ လိုနေသည်။ ထို့အပြင် ယခုပွဲမှာလည်း ဒါဘီပွဲဖြစ်နေရာ ချာလ်တန်၏ အစွမ်းကုန် ရင်ဆိုင်မှုကို ချယ်လ်ဆီးခံရနိုင်သည်။ သရေကျဖို့ များနေပြီး ချယ်လ်ဆီး နိုင်လျှင်ပင် ပွတ်ကာသီကာပဲ ဖြစ်နိုင်သည်။

**ဖူလ်ဟမ်-ဆောက်သမ်တန်**

ဖူလ်ဟမ် ခြေနည်းနည်း ကျသွားသည်။ တိုက်စစ်တွင် လူစုံသော်လည်း ကစားအားနည်းလျော့နေရာ ခြေပြန်မှန်နေသည့် ဆောက်သမ်တန်ကို ကစားရခက်လိမ့်မည်။ ဆောက်သမ်တန်ကလည်း နောက်ဆုံး ကစားထားသည့် သုံးပွဲစလုံး အနိုင်ရထားသည့်အပြင် သွင်းဂိုး ရှစ်ဂိုးရှိရာ တိုက်စစ်အား တက်လာသည်ကို ပြနေသည်။ သို့သော် ခံစစ်ပိုင်းကလည်း ဂိုးများပြန်ပေးရတတ်ရာ ဖူလ်ဟမ်က ဆာဟာ၊ မော်တေ၊ ဟေးလ်စ်တို့၏ တိုက်စစ်ကို တစ်ချိန်လုံး တောင့်ခံနိုင်ခြင်း ရှိ၊ မရှိ သံသယဖြစ်စရာ ရှိနေသည်။ သရေပွဲနှင့် အဆုံးသတ်သွားလိမ့်မည် ထင်မိသည်။

**လိဒ်စ်-အက်စတန်ဗီလာ**

နှစ်သင်းစလုံး ခြေပြန်တက်နေသည့်အပြင် ညစ်ကစားနေကြသည်။ လိဒ်စ်၌ ဗီဒူကာဂိုးသွင်းနေသလို အက်စတန်ဗီလာက အန်ဂျယ်လည်း ဂိုးများပြန်ရနေသည်။ ထိုနှစ်သင်း လိဒ်စ်ကွင်း၌ ဆုံတိုင်းလည်း အပြန်အလှန်ရှိကြပြီး အနိုင်လည်း တစ်လှည့်စီ ရကြလေ့ရှိသည်။ နှစ်သင်း၏ ခြေကလည်း သိပ်မကွာကြရာ ယခုပွဲလည်း သရေဖြင့်ပင်ပွဲသိမ်းနိုင်သည်။

**လက်စတာ-နယူးကာဆယ်**

နယူးကာဆယ်၏အဝေးကွင်းကစားအားကို စိတ်မချရသေး။ သို့သော် လက်စတာကလည်း ခံစစ်ပျက်နေရာ ရှီးယားရားကို တစ်ချိန်လုံး ထိန်းထားနိုင်ရန် မလွယ်ဟု ထင်သည်။ အတွေ့အကြုံပိုင်းတွင်လည်း နယူးကာဆယ်ကပင် သာနေပြန်ရာ နယူးကာဆယ် အနိုင်ရသွားမည်ဟု ထင်မိသည်။

**လီဗာပူး- ဘော်လ်တန်**

လီဗာပူးကြွေးပြန်ဆပ်ရမည့်ပွဲဖြစ်သည်။ ထိုနှစ်သင်း လိဂ်ဖလားပွဲအဖြစ် အန်ဖီးလ်ဒ်တွင် ကစားခဲ့စဉ်က ဘော်လ်တန်က သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ယူထားသည်။ ထို့ကြောင့် ယခုပွဲတွင် လီဗာပူးရှုံးကြွေးဆပ်နိုင်အောင် ကြိုးစားလိမ့်မည်။ သို့ရာတွင် အသင်း၌ ဒဏ်ရာများကြောင့် လူစုံနိုင်ဦးမည် မဟုတ်သည့်အပြင် တိုက်စစ်ကလည်း အားမကိုးရဘဲ ဖြစ်နေရာ ယခုတလော ခြေမှန်နေသည့် ဘော်လ်တန်ကို ယှဉ်နိုင်မည်လားဆိုသည်မှာ စဉ်းစားစရာ ဖြစ်နေသည်။ သို့ရာတွင် ထိုနှစ်သင်းအန်ဖီးလ်ဒ်၌ ကစားတိုင်း အစဉ်အလာအရမူ လီဗာပူးက အသာစီးတွင်ရှိနေသည်။ ထို့ကြောင့် ယခုပွဲမှာ သရေကျဖို့ နီးစပ်လျက်ရှိသည်။

**မန်ယူ-အဲဗာတန်**

အိုးလ်ထရက်ဖို့ဒ်၌ အဲဗာတန်အသင်းမှာ အိမ်ရှင် မန်ယူကို ဒုက္ခပေးနိုင်သည့် အစဉ်အလာ မရှိခဲ့ဖူးပေ။ ယခုတလော အဲဗာတန် ခြေပြန်မှန်လာသော်လည်း ထိပ်ဆုံးမှာ မြဲရန်ကြိုးစားမည့်မန်ယူကို ကျော်လွှားနိုင်ဖွယ် မမြင်မိ။ ပြီးခဲ့သည့် ၁၀နှစ်အတွင်း အိုးလ်ထရက်ဖို့ဒ်၌ မန်ယူကို တစ်ကြိမ်သာ သရေကျဖူးသည့် အဲဗာတန်အတွက် ယခုပွဲ၌ ဖာဒီနန်ပြဿနာဖြင့် မန်ယူတို့ အာရုံထွေပြားနေမှသာ အလွန်ဆုံး သရေဆိုသည့် အခွင့်အရေးမျိုး ရနိုင်လိမ့်မည် ထင်သည်။ မန်ယူပင်နိုင်ပွဲဆက်ဖို့ များပေသည်။

**ပို့စ်မောက်-တော့တင်ဟမ်**

နှစ်သင်းစလုံး ခြေမကွာကြ။ ပို့စ်မောက်က လူအိုကြီးများ ခြေကျနေသလို တော့တင်ဟမ်ကလည်း ခြေပျက်နေသည်။ တော့တင်ဟမ်အသင်းတွင် လူငယ်များ ပိုများသည့်အပြင် ဝါရင့် ပိုယက်ပါ ပြန်ကစားနိုင်ပြီဖြစ်ရာ အသင်းအင်အား ပိုကောင်းလာနိုင်သည်။ သို့ရာတွင် အိမ်ကွင်း၌ လေးပွဲနိုင်၊ ငါးပွဲရှုံးဆိုသည့် ရလဒ်ကို ပိုင်ဆိုင်ထားသော ပို့စ်မောက်ကိုအဝေးကွင်း၌ တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ ငါးပွဲရှုံးထားသည့် တော့တင်ဟမ် အနိုင်ကစားနိုင်မည်လား ဆိုသည်မှာ သံသယရှိစရာပင်။ သရေပွဲဟုသာ မှန်းထားလိုက်လျှင် ကောင်းမည်။

## ပွဲစဉ် (၁၉) ၂၈/၂၉-၁၂-၂၀၀၂

**အက်စတန်ဗီလာ-ဖူလ်ဟမ်**

ဗီလာ အိမ်ကွင်းခြေစွာပြီး ခြေပါ တက်နေသည်။ တိုက်စစ်မှူးများလည်း ခြေတက်နေသည်။ ဖူလ်ဟမ် ခြေကျသွားသလိုရှိနေရာ ဗီလာကွင်း၌ အိမ်ရှင်ကို အနိုင်ရရေး လွယ်ကူလိမ့်မည် မထင်မိပေ။ ဗီလာအနိုင်၊ သို့မဟုတ် သရေပင်။

**ဘော်လ်တန်-လက်စတာ**

ခြေမှန်နေသည့် ဘော်လ်တန်ကို ခံစစ်ပျက်နေသည့် လက်စတာ ယှဉ်နိုင်ဖွယ် မမြင်မိ။ ဘော်လ်တန် နိုင်သွားလိမ့်မည်ဟု ထင်သည်။

**ချယ်လ်ဆီး-ပို့စ်မောက်**

ချယ်ဆီးနှင့် ပို့စ်မောက်နှစ်သင်း အဘက်ဘက်မှာ ကွာလွန်းလှသည်။ ထို့အပြင် ပို့စ်မောက်အသင်းအနေဖြင့် အဝေးကွင်း နိုင်ပွဲမရှိသည့်အပြင် ယခုတလော ခြေပါ ကျနေသည်။ ထို့ကြောင့် ချယ်လ်ဆီး နိုင်မည့်ပွဲပင် ဖြစ်သည်။

**အဲဗာတန်-ဘာမင်ဂမ်**

အဲဗာတန် ကစားအားတက်နေသည့်အပြင် ဂိုးသွင်းအားပါ ပြန်မှန်နေသည်။ ထို့ကြောင့် ခြေပြန်မှန်နေသည့် ရာဇင်းစကီး၊ ရူနီတို့ကို ဘာမင်ဂမ်ခံစစ်က ထိန်းနိုင်ခြင်း ရှိမရှိက ယခုပွဲ၏ အဖြေပင် ဖြစ်သည်။ ခံစစ်မှာ နည်းနည်းအားပျော့နေသည်။ အဲဗာတန်သာ ဘာမင်ဂမ်က ဖော်ဆဲလ်နှင့် ဒန်းတို့ကို သတိထား ထိန်းကစားခဲ့ပါက အဲဗာတန် အနိုင်ရသွားနိုင်သည့် ပွဲဖြစ်သည်။

**မန်စီးတီး-လီဗာပူး**

ရော်ဘီဖောင်လာ၊ မက်မာနာမန်တို့အတွက် လီဗာပူးကို မည်သို့ ရင်ဆိုင်မည်ကို စဉ်းစားစရာပင် ဖြစ်သည်။ လက်တလော ခြေစွမ်းများ၊ နှစ်သင်းစလုံး တိုက်စစ်အားကျနေသည်။ သို့ရာတွင် မန်စီးတီး၏ အခြေအနေက ပိုဆိုးသည့်အပြင် ခံစစ်ကစားပုံကလည်း ဖရိုဖရဲနိုင်လှသည်။ လီဗာပူးအတွက်ကလည်း အနိုင်ကို ရှာနေသည့်အချိန်မျိုးဖြစ်နေပြန်ရာ မန်စီးတီးတို့ ယခုပွဲလည်း ရှုံးပွဲကြုံဦးမည့် အခြေအနေမျိုး ဖြစ်နေသည်။

**မစ်ဒယ်ဘရော့-မန်ယူ**

မက်လာရင်မှာ ဖာဂူဆင်အကြောင်း ကောင်းကောင်းသိနေသည်။ သို့သော် အသင်း၏ တိုက်စစ်က လုံးဝအားနည်းနေရာ ခံစစ်ကောင်းသည့် မန်ယူကို ထိုးဖောက်ပြီး ဂိုးရရေးမှာ မလွယ်ကူသည့် အလုပ်ပင် ဖြစ်သည်။ ထို့ကြောင့် တည်ငြိမ်နေသည့် ခံစစ်အားဖြင့်ပင် မန်ယူတိုက်စစ်က နစ္စတယ်ရွိုင်း၊ ဂစ်၊ ပေါလ်စခိုးလ်၊ ဖော်လန်တို့ကို ထိန်းပြီး တစ်မှတ်စီ ခွဲယူမည့်ပုံ ရှိသည်။ မန်ယူအနိုင်ရရန် မလွယ်ဟု ယူဆသည်။

**နယူးကာဆယ်-ဘလက်ဘန်း**

အိမ်ကွင်းခြေစွာပြီး ဂိုးမြူးနေသော နယူးကာဆယ်ကို ခြေပျက်နေသည့် ဘလက်ဘန်း ယှဉ်နိုင်ဖွယ် မမြင်ပေ။ နယူးကာဆယ်၏ အနိုင်ပွဲဖြစ်သွားလိမ့်မည်ဟု ထင်မိသည်။

**တော့တင်ဟမ်-ချာလ်တန်**

တော့တင်ဟမ်၏ အိမ်ကွင်း ကစားအားမဆိုးလှသော်လည်း မာကျောသည့် ချာလ်တန်ကို ယှဉ်ကစားနိုင် မကစားနိုင် မသေချာဘဲ ဖြစ်နေသည်။ ချာလ်တန်အသင်း ခြေကျသွားချိန်နှင့် တိုက်သွား၍သာ တော့တင်ဟမ်အတွက် အခွင့်အရေး ကောင်းသွားနိုင်သည်။ ထိုနှစ်သင်းယှဉ်ပြိုင်လိုက်လျှင် ဂိုးသွင်းနိုင်သည့် တိုက်စစ်မှူးများက တော့တင်ဟမ်တွင် ရှိနေရာ ယခုပွဲကို တော့တင်ဟမ်အနိုင်၊ သို့မဟုတ် သရေဟု ခန့်မှန်းထားမိသည်။

**ဝုလ်ဖ်-လိဒ်စ်**

ဝုလ်ဖ်ခြေပျက်သလိုရှိသော်လည်း အိမ်ကွင်း၌ ကစားအားကောင်း၍ လိဒ်စ်ကို ယှဉ်နိုင်စွမ်းရှိသည်။ ထို့အပြင် အတန်းမဆင်းရရေးအတွက်လည်း နှစ်သင်းစလုံး ရုန်းကန်နေကြရာတွင် ယခုတစ်လော အရှုံးဆက်နေသော ဝုလ်ဖ်က အနိုင်ကို ပိုဆာလောင်နေနိုင်သည်။ ထို့အပြင် လူစုံပြီး ခြေပြန်တွေ့လာသည့် လိဒ်စ်ကို အနိုင်ရသည်အထိတော့ ဖြစ်နိုင်လိမ့်မည်ဟု မထင်မိ။ သရေပွဲဟုပဲ ဆိုလိုက်ချင်သည်။

**ဆောက်သမ်တန်-အာဆင်နယ်**

ဆောက်သမ်တန် ခြေတက်လာချိန်နှင့်လာတွေ့ရာ အာဆင်နယ်တို့ သတိထားရလိမ့်မည်ထင်သည်။ ပြီးခဲ့သည့် ရာသီကလည်း ဆောက်သမ်တန်က အာဆင်နယ်ကို ဒုက္ခပေးခဲ့ဖူးရာ ယခုအကြိမ်၌ အာဆင်နယ်တို့ ထိုသို့ အဖြစ်ခံတော့မည်မဟုတ်ဟု ထင်သည်။ ယခုပွဲပြီးလျှင်လည်း ပွဲနားရမည်ဖြစ်ရာ အာဆင်နယ် ယခုပွဲကို အင်အားကုန်ထုတ်သုံးပြီး အနိုင်ရရေး ကြိုးစားလိမ့်မည် ထင်သည်။ အာဆင်နယ်အတွက် အနိုင်သို့မဟုတ် သရေရနိုင်သည့်ပွဲဟုမှန်းဆပါသည်။ ။



## ဂုဏ်ပြုဆုချီးမြှင့်

**စမ်းချောင်းမြို့နယ် အမက(၁၉) မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၀ရက်က ပြုလုပ်ရာ ကျောင်းအုပ်ဆရာကြီး ဦးစောလွင်က လေးနှစ်ဆက်တိုက် ထူးချွန်ပထမဆုရ မောင်အောင်ကျော်ဦးအား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။**

**(၁၂၉)**

## တက္ကသိုလ်ဝင်တန်း ဘောဂဗေဒစာအုပ်ထုတ်ဝေ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

စာရေးဆရာ ဆရာသူရိန်စိုး(ဘောဂဗေဒ)ရေးသားသော တက္ကသိုလ်ဝင်တန်းစာမေးပွဲ အထောက်အကူပြုစာအုပ်ကို အမှတ် ၁၉၇၊ လမ်း၄၀ (အလယ်)ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၆၅၀၄၆၀ နှင့် ၂၅၀၄၃၅တို့က တန်ဖိုးကျပ် ၄၅၀ဖြင့် ဖြန့်ချိကြောင်းသိရသည်။

**(အောက်ပုံ) (က-ပ)**





## ကြည့်ရှုအားပေး

**ဒီဇင်ဘာ ၂၂ရက်က စတုတ္ထအကြိမ် မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ ဒေါ်သိန်းနွဲ့(ပြည်သူ့သက်စောင့်သွေးဆေး)တိုင်းရင်းဆေးပြခန်းတွင် ပြည်သူများ စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးကြစဉ်။**

**(သတင်းစဉ်)**

## စာပေဗိမာန် စာအုပ်အသင်း အသင်းပေးစာအုပ်များဖြန့်ချိ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

စာပေဗိမာန်စာအုပ်အသင်းက စနစ်သစ်ဖြင့် ဖြန့်ချိသည့် (၁၅)အုပ်မြောက် စာအုပ်အဖြစ် ၂၀၀၁ ခုနှစ် စာပေဗိမာန်စာမူဆု၊ ကလေးစာပေ ပထမဆုရ ဇေယျာမျိုး ရေးသားသည့် မမအင်ဂျင်နီယာနှင့်ရတနာပန်းကလေးများ စာအုပ်ကို ရန်ကုန်နှင့် နယ်အသင်းဝင်များသို့ ဖြန့်ချိမည် ဖြစ်ရာ ရန်ကုန် အသင်းသားများ အနေဖြင့် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီဖြစ်ကြောင်းနှင့် နယ် အသင်းဝင်များသို့ ပေးပို့လိုက်ပြီ ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





# နိုင်ငံတော်ဝန်ကြီးချုပ် ရေဆိုးသန့်စင်စက်ရုံတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းစစ်ဆေး အထွေထွေသုံးစုဝေးခန်းမကြီးတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းလှည့်လည်ကြည့်ရှု

ရန်ကုန် ဒီဇင်ဘာ ၂၅

နိုင်ငံတော် ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ယနေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်း၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကတာဝန်ယူတည်ဆောက်လျက်ရှိသည့် ရေဆိုးသန့်စင်စက်ရုံ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၇ ကော်လံ ၅ ❍

## ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်း၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက တည်ဆောက်လျက်ရှိသည့် ရေဆိုးများ သန့်စင်စက်ရုံ တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



# အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဗုဒ္ဓအဓိဝါသဂန္ဓကုဋိ ဘုရားကျောင်းဆောင်နှင့် အတိသုခဝါသစံကျောင်း(စနုဆောင်)အုတ်မြစ်စီပေး

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်း ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၄)ရပ်ကွက်ရှိ သိရီလက္ခဏာရာမ–ဒဂုံသာသနာ့ရိပ်သာ အလယ်ကျောင်းဆောင်တော်ကြီး၏ ဗုဒ္ဓအဓိဝါသ ဂန္ဓကုဋိဘုရားကျောင်းဆောင်နှင့် အတိ သုခဝါသစံကျောင်း(စနုဆောင်)တည်ဆောက်ရေးအုတ်မြစ်စီမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် အဆိုပါ သိရီလက္ခဏာရာမ–ဒဂုံသာသနာ့ရိပ်သာ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းတက်ရောက်၍ ရတနာငွေကြုတ်နှင့်ပတ္တမြား ရတနာအုတ်မြစ်တော်တို့ကို စီထားပေးသည်။ **(ဝဲပုံ)**

မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ ပင့်ဖိတ်တော်မူထားသည့် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊

***စာမျက်နှာ ၇ ကော်လံ ၁*** ❀

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## အစွမ်းထက်မြန်မာ့တိုင်းရင်းဆေးဝါးအိမ်တိုင်းမှာဆောင်ထား

သတင်းဆောင်းပါး-မြင့်စိုး ၊ ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ယနေ့ခေတ်တွင် ဘေးထွက်ဆိုးကျိုးများကြောင့် နိုင်ငံခြားဖြစ် ဆေးဝါးများထက် သဘာဝ သစ်ဥ၊ သစ်ဖု၊ သစ်မြစ်၊ သစ်ခေါက်၊ သစ်ရွက်တို့မှ ဖော်စပ်ထုတ်လုပ်သည့် တိုင်းရင်းဆေးဝါးများကို တစ်စတစ်စ ပိုမိုသုံးစွဲလာလျက်ရှိသည်။

***စာမျက်နှာ ၁၂ ကော်လံ ၁*** ❐

## (၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါးနှင့်သမိုင်းပုံရိပ်လွှာ

**"ကွမ်းလုံတိုက်ပွဲတစ်လျှောက်လုံးတွင် တပ်မတော်သည် ရက်ပေါင်း ၄၀ တိုင်အောင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ ဇာတိမာန်ဖြင့် ရဲရင့်ပြောင်မြောက်စွာ တွန်းလှန်ချေမှုန်းနိုင်ခဲ့သည်မှာ အမျိုးသားရေး တာဝန်ကျေပွန်ခဲ့သော သမိုင်းမှတ်တိုင်လည်း ဖြစ်ပေသည်။"**

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး **"လွတ်လပ်ရေးကို ဤသို့ထိန်းသိမ်းကာကွယ်ခဲ့ရသည်"**ကို စာမျက်နှာ (၈ နှင့် ၉)တွင် ဆက်လက်ဖော်ပြထားပါသည်။

**(မြန်မာ့အလင်း)**

## ကမ္ဘာတစ်လွှားထူးထူးခြားခြား

### ရေခဲမီးအိမ်ပြပွဲ



တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း ဟီလုန်ကျန်ပြည်နယ် မြို့တော် ဟာဘင်တွင် ကျင်းပသည့် အကြိမ် (၃၀)မြောက် ဟာဘင်ရေခဲမီးအိမ်ပွဲတော်တွင် ခင်းကျင်းပြသထားသည့် ရေခဲဖြင့်ပြုလုပ်ထားသော မီးအိမ်ကို ပွဲတော်သို့ လာရောက်သူများ တအံ့တသြဖြစ်ခဲ့ကြရသည်။**(ဝဲပုံ)**

**(ဓာတ်ပုံ–အေအက်ဖ်ပီ)**

### ဂျားဗားပြည်နယ်က ရှားပါးငှက်များ



အင်ဒိုနီးရှားနိုင်ငံ ဂျားဗားအနောက်ပိုင်းရှိ အသစ်ဖွင့်လှစ်လိုက်သောတာမန်ဆာဖာရီ တောရိုင်းတိရစ္ဆာန် ဥယျာဉ်ကြီး၌ အနီရောင်တောင်ပံရှိ ကြက်တူရွေး တစ်ကောင် မိုးရွာအပြီး ရေများကိုခါထုတ်နေစဉ်**(ယာပုံ)**အဆိုပါ တောရိုင်းတိရစ္ဆာန်ဥယျာဉ်ကြီး၌ရှားပါးငှက်အမျိုးအမည်၆ဝခန့်ရှိကြောင်းစတင်ဖွင့်လှစ်သည့်နေ့က တာဝန်ရှိသူကပြောကြားသည်။ **(အင်တာနက်)**